MINISTRY OF HUMAN RIGHTS

အမျိုးသားညီညွတ်ရေးအစိုးရ | လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

# Human Rights in Myanmar

အတွဲ ၁၊ အမှတ် ၁၂

၁ ဇွန် ၂၀၂၂

## မြန်မာ့အရေးကို ယူကရိန်းနည်းတူ ကူညီရန် ချက်နိုင်ငံခြားရေးကော်မတီကိုတိုက်တွန်း

ယူကရိန်းပြည်သူများနှင့် မြန်မာပြည်သူများမှာ ပြည်ပ ကျူးကျော် မှုနှင့် ပြည်တွင်းကျူးကျော်မှု ပြုလုပ်ခြင်းခံရသည်သာ ကွာခြားသော်လည်း အကြမ်းဖက်တိုက်ခိုက်ခံရမှု တူညီသည့်အတွက် မြန်မာပြည်သူများအား ကူညီရန် ချက်သမ္မတနိုင်ငံ လွှတ်တော် နိုင်ငံခြားရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီဥက္ကဋ္ဌနှင့် တွေ့ဆုံစဉ် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းက တင်ပြတောင်းဆို တိုက်တွန်းခဲ့သည်။

စာ ၁၈ သို့

## Sean MacBride ငြိမ်းချမ်းရေးဆု ရရှိတဲ့ AAPP

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေး၌ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်အတွက် အသက်ပေးအနစ်နာခံခဲ့သူ သူရဲကောင်းများအားလုံးအား ရည်ရွယ် ၍ ဂျာမနီနိုင်ငံအခြေစိုက် နိုင်ငံတကာငြိမ်းချမ်းရေးအဖွဲ့ - International Peace Bureau က နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း - AAPP အား ၂၀၂၁ ခုနှစ်အတွက် Sean MacBride ငြိမ်းချမ်းရေးဆုအား ချီးမြှင့်ခဲ့သည်။

## မြန်မာ့အရေးအတွက် ချက် ပါလီမန် ကာကွယ်ရေးကော်မတီနှင့် ဆွေးနွေး

ချက်သမ္မတနိုင်ငံအနေဖြင့် ရုရှားကျူးကျော်စစ်ကို ခုခံနေသည့် ယူကရိန်းနိုင်ငံအား ကူညီထောက်ပံ့သကဲ့သို့ စစ်တပ်အာဏာသိမ်းခြင်း ခံထားရသည့် မြန်မာနိုင်ငံကိုလည်း ကူညီရန်အတွက် မေလ ၁၂ ရက်က ချက်သမ္မတနိုင်ငံ ပါလီမန် ကာကွယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ MP Mr. Josphb Flek၊ နိုင်ငံခြားရေးရာကော်မတီအဖွဲ့ဝင် Mr. Hayata Josef Okamura တို့နှင့် တွေ့ဆုံစဉ် အမျိုးသားညီညွတ်ရေးအစိုးရဘက်မှ တောင်းဆိုထားသည်။ အဆိုပါ ဆွေးနွေးပွဲသို့ NUG ဘက်မှ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်းနှင့် ချက်နိုင်ငံ NUG ကိုယ်စားလှယ် ဦးလင်းသန့်တို့ တက်ရောက်ခဲ့သည်။

ဧပြီလ တတိယပတ်နှင့် စတုတ္ထပတ်

# စစ်ကိုင်းတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- ခင်ဦးမြို့နယ်၊ ရွာသာရွာတွင် ဧပြီလ ၂၃ ရက် နံနက်အစောပိုင်းက ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF အယောင်ဆောင်ထားသော အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များ ဝင်ရောက်လာကာ နေအိမ် ၆၂ လုံးအား မီးရှို့ခဲ့သည့်အပြင် ဒေသခံပြည်သူနှစ်ဦးအား ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည်။ နေအိမ်ရှိ ပစ္စည်းများယူရန် ရွာအတွင်းသို့ ဆိုင်ကယ်ဖြင့် ပြန်ဝင်လာသည့် ကိုအောင်နိုင်စိုးကို စစ်ကောင်စီတပ်များက နောက်ကျောမှ သေနတ်ဖြင့် ပစ်သတ်ခဲ့ခြင်း ဖြစ်ကာ ဓားစာခံအဖြစ် ဖမ်းဆီးထားသူ ကိုငြိမ်းကျော်ကိုလည်း လည်ပင်းအား ဓားဖြတ်ဖြတ်၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ လက်ရှိတွင် ရွာသာရွာ၌ စစ်ကောင်စီတပ်များ တပ်စွဲထားဆဲဖြစ်ကာ အင်အား ၂၀၀ ခန့်ဖြင့် အင်အားတိုးချဲ့ရန် ပြင်ဆင်နေသည့်အတွက် ကျေးရွာနေပြည်သူများထွက်ပြေးတိမ်းရှောင်နေကြရသည်။
- ပင်လယ်ဘူးမြို့အား အကြမ်းဖက်စစ်ကောင်စီတပ်များက တိုက်လေယာဉ်များဖြင့် ဗုံးကြဲခြင်း၊ ရဟတ်ယာဉ်များဖြင့် ပစ်ခတ်ခြင်းအပါအဝင် လက်နက်ကြီးများဖြင့် ပစ်ခတ်မှုများပြုလုပ်ပြီးနောက် မြို့ပေါ် လူနေရပ်ကွက်များရှိ ပြည်သူ ပိုင်နေအိမ်များအား စက်ယန္တရားများဖြင့် ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် မိုးကောင်းရပ်ကွက်ရှိ ပြည်သူပိုင်နေအိမ် အလုံး ၂၀ ကျော် ဆိုးဆိုးဝါးဝါး ပျက်စီးခဲ့သည်။
- အရာတော် အရှေ့နယ်၊ ကြွေပုဂံကျေးရွာမှ ကိုသစ်ဆန်းလွင် (ခ) ကိုပြူးကြယ် (၂၈ နှစ်) ကို အကြမ်းဖက်စစ်ကောင်စီ တပ်များက ဧပြီလ ၉ ရက်တွင် ဖမ်းဆီးသွားပြီးနောက် လေးရက်အကြာ၌ ဒုံဒစ်နှင့် ဇီးပင်ဝိုင်းရွာ တောစပ် မြသိန်းတန်ဘုရားအနီးတွင် ပြင်းပြင်းထန်ထန် နှိပ်စက်ခံထားရသည့် ဒဏ်ရာများဖြင့် သေဆုံးလျက် ပြန်လည်တွေ့ရှိခဲ့သည်။
- ဒီပဲယင်းမြို့နယ်၊ ညောင်လှကျေးရွာအား စစ်ကောင်စီတပ်များက ဧပြီလ ၂၀ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းများတွင် မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ပြည်သူပိုင်နေအိမ် အလုံး ၄၀ ပျက်စီးခဲ့သည့်အပြင် ဒေသခံအပြစ်မဲ့ပြည်သူတစ်ဦးဖြစ် သည့် ကိုနေမျိုးဦးကိုလည်း လက်ပြန်ကြိုးတုပ် သတ်ဖြတ်သွားသည်။
- ပုလဲမြို့နယ်၊ သတင်းရွာအား ဧပြီလ ၁၈ ရက် မွန်းလွဲပိုင်း ၁ နာရီခွဲခန့်တွင် အကြမ်းဖက်စစ်တပ်က ကျေးရွာတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်၍ ဝင်ရောက်စီးနင်းပြီးနောက် ကျေးရွာနေ ပြည်သူတစ်ဦးကို ဖမ်းဆီးသတ်ဖြတ်ခဲ့သည့်အပြင် နေအိမ်များကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည့်အတွက် ဒေသခံပြည်သူပိုင်နေအိမ် ၉၂ လုံး မီးလောင်ပျက်စီးခဲ့သည်။
- စစ်ကိုင်းမြို့နယ်၊ တလိုင်းကျွန်းရွာသား ကိုသိန်းသန်းဦး၊ ကိုကျော်စန်းဝေ၊ ကိုဓာတ်ဆန်းနှင့် ကိုမျိုးဝင်းအောင်တို့ အား ဧပြီလ ၂၃ ရက်တွင် အကြမ်းဖက်စစ်တပ်က ဖမ်းဆီးပြီးနောက် အကြောင်းမဲ့ သတ်ဖြတ်ခဲ့သည့်အပြင် ကျေးရွာ အတွင်းသို့လည်း အင်အားသုံး စီးနင်းမှုများ ပြုလုပ်ခဲ့သည့်အတွက် ဒေသခံများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်း ရှောင်နေကြရသည်။

- ကျွန်းလှမြို့နယ်၊ ကုန်းစည်းရွာနှင့် ဝေလမူရွာတို့အား ဧပြီလ ၁၅ ရက်နှင့် ၁၆ ရက်တွင် စစ်ကောင်စီလက်အောက်ခံ ခမရ ၃၆၃ နှင့် ၃၆၇ တပ်တို့ ဝင်ရောက်စီးနင်းကာ လူသတ်၊ မီးရှို့မှုများ ကျူးလွန်ခဲ့သည်။ ဧပြီလ ၁၅ ရက် ညနေ ငါးနာခွဲခန့်က ဝေမူလရွာအား ဝင်ရောက်စီးနင်းမီးရှို့မှုကြောင့် နေအိမ် ၂၅ လုံး မီးလောင်ပြာကျ ပျက်စီးခဲ့ကာ ဧပြီလ ၁၆ ရက်တွင် ကုန်းစည်းရွာသို့ ထပ်မံဝင်ရောက်စီးနင်းကာ ပြည်သူပိုင်နေအိမ် ၇ လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။ ကုန်းစည်းရွာသို့ စီးနင်းစဉ် ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF တပ်ဖွဲ့ဝင် နှစ်ဦး ဖမ်းဆီးခံခဲ့ရပြီး လက်ရှိတွင် မည်သည့် နေရာ၌ ထိန်းသိမ်းထားသည်ဆိုသည်ကို မသိရသေးဘဲ ၎င်းတို့၏ အသက်အန္တရာယ် စိုးရိမ်ရလျက် ရှိသည်။ အကြမ်းဖက်စစ်တပ်မှာ ယင်းဒေသတွင်းရှိ ခပေါင်းရုံကျေးရွာကိုလည်း စီးနင်းမှုများ ပြုလုပ်နေသည့်အတွက် အဆိုပါ ကျေးရွာသုံးရွာမှ ထောင်နှင့်ချီသည့် ပြည်သူများမှာ ဘေးလွတ်ရာ တော၊ တောင်များအတွင်းသို့ ထွက်ပြေး တိမ်းရှောင်နေကြရပြီး စစ်ဘေးရှောင်ပြည်သူအချို့မှာ ဖျားနာမှုဒဏ် ခံစားနေရကာ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ လိုအပ်လျက် ရှိသည်။
- ဒီပဲယင်းမြို့တွင် စစ်ကောင်စီ အဝယ်တော်တစ်ဦး စိုင်ပြင်မြို့၌ အသက်ခံရပြီးနောက် စစ်ကောင်စီတပ်များက ဒီပဲယင်းအရှေ့ခြမ်းရှိ ကျေးရွာများအား ဝင်ရောက်စီးနင်း မီးရှို့ခဲ့သည့်အပြင် သက်ကြီးရွယ်အို အဘိုးအို နှစ်ဦးကိုလည်း အကြောင်းမဲ့ သတ်ဖြတ်ခဲ့သည်။ ဧပြီလ ၁၉ နှင့် ၂၀ ရက် အစောပိုင်းတွင် အကြမ်းဖက်စစ်တပ်က မဲအိုးကျေးရွာအား စတင်ဝင်ရောက် မီးရှို့ဖျက်ဆီးနောက် ညောင်လှနှင့် မူးခတွင်းကျေးရွာများကိုလည်း လက်နက်ကြီးများဖြင့် ပစ်ခတ် ဝင်ရောက်ခဲ့ရာ ထွက်ပြေးတိမ်းရှောင်နိုင်ခြင်း မရှိသည့် အသက် ၇၀ ဝန်းကျင်ခန့် အဖိုးအိုနှစ်ဦးအား ရက်စက်စွာ ပစ်ခတ်သတ်ဖြတ်သွားသည်။ ယင်းသို့ ရွာများအား ပစ်ခတ်စီးနင်း မီးရှို့မှုများကြောင့် စိုင်ပြင်မြို့ရှိ အနည်းဆုံး နေအိမ် သုံးလုံး၊ မဲအိုးရွာရှိ နေအိမ် ၇၀ လုံးနှင့် စပါးကျီများ မီးလောင်ပျက်စီးခဲ့သည်။
- ကလေးမြို့နယ်၊ ဘူတာဘောလုံးကွင်းအနီး ရထားသံလမ်းတွင် ဧပြီလ ၁၄ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်က Wave ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုမုန်ပီးကို စစ်တပ်က သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်လိုက်သည်။
- ပင်လယ်ဘူးမြို့ပေါ်တွင် ၁၀ ရက်ကြာ တိုက်ပွဲများ ပြင်းပြင်းထန်ထန် ဖြစ်ပွားပြီးနောက် အထိနာခဲ့သည့် အကြမ်းဖက်စစ်ကောင်စီတပ်များမှာ ပင်လယ်ဘူးမြို့ခံ ကိုးဦးအား မြို့ပေါ်၌ပင် ပစ်ခတ်သတ်ဖြတ်ခဲ့သည့်အပြင် ပြည်သူပိုင် နေအိမ်နှင့် ဈေးဆိုင်များကို ဖြိုချ ဖျက်ဆီးခဲ့သည်။ မတ်လ ၂၉ ရက်မှ ဧပြီလ ၁၀ ရက်အထိ ဒေသခံ ကာကွယ်ရေးတပ်ဖွဲ့ - PDF များနှင့် စစ်ကောင်စီတပ်များ တိုက်ပွဲဖြစ်ပွားခဲ့ခြင်း ဖြစ်ကာ PDF များဘက်မှ ငါးဦး ကျဆုံးကာ စစ်ကောင်စီတပ်ဘက်မှာ ၃၀ ကျော် သေဆုံးခဲ့သည်။ ယင်းနောက် မြို့ပေါ် ရှိ ပုဒ်မ ၅၀၅ (က) ထုတ်ခံထား ရသူများ၊ PDF များအား ထောက်ပံ့သည်ဟု သံသယထားခံရသူများကို ပစ်မှတ်ထားကာ အကြောင်းမဲ့ပစ်ခတ်သတ်ဖြတ်မှုများကို စစ်ကောင်စီတပ်များက ဆက်တိုက်ကျူးလွန်ခဲ့ရာ မြို့ခံ ဦးပေါ်ဝင်းအောင်၊ ဦးပေါ်ဝမ်း၊ ဦးဝင်းအောင် အပါအဝင် မိုးဆုတောင်းလမ်းဆုံနှင့် ကျောင်းအင်းကုန်းကျေးရွာတွင် အမည်မသိ အမျိုးသားသုံးဦးစီ၊ စုစုပေါင်း ကိုးဦး သတ်ဖြတ်ခံခဲ့ရသည်။ ထို့ပြင် ဧပြီလ ၁၃ ရက်တွင် မြို့မရပ်ကွက်ရှိ ဆွေမိသားစု စတိုးဆိုင် နှစ်ဆိုင်နှင့် ရွှေတောင်ဦး စတိုးဆိုင် နှစ်ဆိုင်၊ ဧပြီ ၁၄ ရက်တွင် ဦးမောင်ချိုနှင့် ဒေါ်လှဦးတို့ နေအိမ်နှင့် အိမ်ဈေးဆိုင် နှစ်လုံး၊ ကြယ်စင်ဈေး ဆိုင်နှင့် နေအိမ်နှစ်လုံး၊ ရွှေကောင်းထက် စားသောက်ဆိုင်တို့အား စက်ယန္တရားများသုံး၍ ဖြိုချဖျက်ဆီးခဲ့သည်။

- ကလေးမြို့ မြို့မဈေးတွင် သုံးဘီးဘေးတွဲယာဉ်မောင်းတစ်ဦးဖြစ်သည့် ဘဲအင်းရပ်ကွက်နေ ဦးဥက္ကာဆိုသူအား ဧပြီလ ၁၈ ရက် နံနက် ၉ နာရီခန့်က အကြမ်းဖက်စစ်ကောင်စီတပ်သားများနှင့် ပျူစောထီးပူးပေါင်းအဖွဲ့တို့က ရိုက်နှက်ဖမ်းဆီးသွားသည်။ ထို့ပြင် ပါရာဒီဆိုရုပ်ရှင်ရုံရှေ့ အလုပ်သမားလမ်းကြားနှင့် ရွှေဘုံသာဘုရားကြီးလမ်းဆုံ နေရာများတွင်လည်း စစ်သားနှင့် ရဲ အင်အား ၁၀ ဦးခန့်က ဦးဥက္ကာနှင့် ဆက်စပ်သူများဟုဆိုကာ ဘဲအင်းရပ်ကွက်နေ ဦးကြည်ရှိန်၊ ဦးဆွေဝင်းနှင့် ဦးမင်းစိန်တို့အား ရှာဖွေခဲ့သည်။ ထိုသို့ ရှာဖွေရာ မတွေ့သည့်အတွက် ဦးကြည်ရှိန်၊ ဦးဆွေဝင်းတို့၏ သမီးများ၊ ဦးမင်းစိန်၏ ဇနီးနှင့် အခြားအမျိုးသမီးတစ်ဦး၊ စုစုပေါင်းလေးဦးကို ဖမ်းဆီးခဲ့သည့်အပြင် ဦးဥက္ကာ၏ နေအိမ်နှင့် အခြားနေအိမ်တစ်လုံးတို့ကို ချိတ်ပိတ်သိမ်းဆည်းသွားသည်။

# မကွေးတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- ပေါက်မြို့နယ်၊ တံစူးကျေးရွာရှိ စစ်ဘေးရှောင်ပြည်သူများ နေထိုင်ရာ တဲများအား ဧပြီလ ၁၂ ရက် ညနေပိုင်းတွင် အကြမ်းဖက်စစ်တပ်က ၆၀ မမ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ချိန်ရွယ်ပစ်ခတ်ခဲ့သည့်အတွက် စစ်ရှောင်ပြည်သူ ကိုးဦး အစုလိုက် အပြုံလိုက် သေဆုံးခဲ့ရသည်။ သေဆုံးသူများမှာ ဒေါ်သန်းစော၊ ဒေါ်တင်မိုးလှိုင်၊ ဒေါ်ငွေဝ၊ ဒေါ်စိန်းခွေး၊ မလှမျိုးနွယ်၊ မလှမျိုးကြွယ်၊ မခင်သန်းနု၊ မဇင်ဇင်အောင်နှင့် ဦးမြင့်ပိုတို့ ဖြစ်သည်။ ထို့ပြင် အကြမ်းဖက် စစ်တပ်က တောတောင်များအတွင်း ပြည်သူများ စုဆောင်းထားသော အဝက်အထည်ပစ္စည်းများ၊ ဆိုင်ကယ် ငါးစီး၊ ဓာတ်ဆီ ရေတင်စက်များနှင့် ဆန်စပါးတင်း ၄၀၀ ခန့်ကိုပါ မီးရှို့ဖျက်ဆီးခဲ့သည်။
- ဂန့်ဂေါမြို့နယ်၊ နှမ်းခါးကျေးရွာအား ဧပြီလ ၁၈ ရက် နံနက်ပိုင်းက အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ပျူစောထီး ပူးပေါင်းအဖွဲ့တို့ ဝင်ရောက်လာပြီးနောက် အသက် ၆၇ နှစ်အရွယ် ဦးစိန်ဝင်းအား လက်ပြန်ကြိုးတုပ်ကာ အကြောင်းမဲ့ သတ်ဖြတ်ခဲ့ပြီး ကျေးရွာသားများပိုင် ပစ္စည်းများကိုလည်း ခြောက်ဘီးကား နှစ်စီးဖြင့် လုယက်သွားသည့်အပြင် ဆန္ဒပြမှုများ ဆက်လုပ်ပါက ရွာအား မီးတင်ရှို့မည်ဖြစ်ကြောင်း ခြိမ်းခြောက်ပြောဆိုခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဂန့်ဂေါနယ်တွင် ကျေးရွာပေါင်းစုံသပိတ်စစ်ကြောင်းများဖြင့် ဆန္ဒထုတ်ဖော်မှုများ ပြုလုပ်ကာ ဒေသခံကာကွယ်ရေးတပ်ဖွဲ့ - PDF များက လုံခြုံရေးပေး လိုက်ပါဝန်းရံပေးခဲ့သည်။ စစ်တပ်နှင့် ပျူစောထီးအဖွဲ့များ သိမ်းယူသွားသည့် ပြည်သူပိုင်ပစ္စည်းများမှာ ဆီပိသာ ၈၀၀ ခန့်၊ နေကြာ တင်း ၁၀၀၊ မြေပဲတင်း ၅၀၊ ဆန်များနှင့် တန်ဖိုးကြီးအသုံးအဆောင်ပစ္စည်းများဖြစ်ကြောင်း နှမ်းခါးလူငယ်အဖွဲ့က ထုတ်ပြန်ထားသည်။
- မြိုင်မြို့နယ်၊ တဲကြီးရွာအနီးတွင် အကြမ်းဖက်စစ်တပ်နှင့် မြိုင်မြို့နယ် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ တပ်ခွဲ (၁) တို့ ဧပြီလ ၁၉ ရက်က တိုက်ပွဲဖြစ်ပွားပြီးနောက် PDF ရဲဘော် ခုနစ်ဦး ဖမ်းဆီးခံရကာ နေရာတွင်ပင် သတ်ဖြတ်ခံခဲ့ရသည်။ တိုက်ပွဲအတွင်း စစ်တပ်ဘက်က တစ်ဦး သေဆုံးခဲ့ကာ တိုက်ပွဲအပြီး ရွာအတွင်းသို့ လှည့်လည်ပစ်ခတ်သဖြင့် ပြည်သူသုံးဦး သေဆုံးခဲ့ကာ ခြောက်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

# ရန်ကုန်တိုင်းအတွင်း ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းရှိ “လှည်းကလေးနဲ့ ဒိန်ချဉ်သည်” တိုက်မှ လူငယ် ရှစ်ဦးအား ဧပြီလ ၂၁ ရက် ည ၁၂ နာရီဝန်းကျင်ခန့်တွင် အကြမ်းဖက်စစ်တပ်က စစ်ယာဉ်တန်းဖြင့် လာရောက်ဖမ်းဆီးသွားသည်။
- ဒဂုံတက္ကသိုလ်ကျောင်းသားများ ဖြစ်သည့် ကိုခန့်ဇင်ဝင်း၊ ကိုသူရမောင်မောင်၊ ကိုဇော်လင်းနိုင်၊ ကိုသီဟထက်ဇော်နှင့် ကျောင်းသားဟောင်း ကိုဟိန်းထက်တို့မှာ ဧပြီလ ၂၁ ရက်မှစ၍ အဆက်အသွယ် ပြတ်တောက်နေပြီး အကြမ်းဖက်စစ်တပ်က ဖမ်းဆီးထားခြင်းဖြစ်နိုင်ကြောင်း ဒဂုံတက္ကသိုလ်ကျောင်းသားများသမဂ္ဂက ထုတ်ပြန်ထားသည်။ အဆိုပါ ကျောင်းသားများမှာ ဧပြီလ ၂၁ ရက်တွင် မိသားစု၊ မိတ်ဆွေများနှင့် အဆက်အသွယ် ပြတ်တောက်နေခြင်းဖြစ်ကာ လိုက်လံစုံစမ်းမှုများ ပြုလုပ်လျက်ရှိသော်လည်း စုံစမ်းမရဘဲ ပျောက်ဆုံးနေခြင်း ဖြစ်သည်။

# နိုင်ငံအနှံ့ အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းများ၌ ဖိနှိပ်နေမှုများ

- မန္တလေး အိုးဘိုထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများအား နေ့ထူးနေ့မြတ်များတွင် အလေးပြုခြင်း၊ နိုင်ငံရေးစကားဝိုင် ပြုလုပ်ခြင်း၊ နိုင်ငံရေးသီချင်းများ သီဆိုခြင်းများ ပြုလုပ်သည့်အတွက်ဟု ဆိုကာ ထောင်အာဏာပိုင်များက တိုက်ပိတ်ဒဏ်ခတ်မှုများ ပြုလုပ်လျက် ရှိသည်။ ထို့ပြင် မသန့်ရှင်းသည့် သောက်ရေနှင့် အစားအသောက်များကိုသာ ပေးခြင်း၊ ကျန်းမာရေးမကောင်းသူများအား ဆေးကုသခွင့်မပေးခြင်း၊ ရာဇဝတ်သားများနှင့် အကျဉ်းထောင်ဝန်ထမ်းများက အုပ်စုဖွဲ့ အနိုင်ကျင့်ခြင်းများအား မျက်ကွယ်ပြု ခွင့်ပြုထားခြင်းများကိုလည်း လုပ်ဆောင်လျက် ရှိသည်။
- နာမည်ဆိုးဖြင့် ကျော်ကြားသည့် ရန်ကုန်၊ အင်းစိန်ထောင်တွင် နိုင်ငံရေးလှုပ်ရှားမှုများကြောင့် အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများအား ထောင်ဝန်ထမ်းများ၊ ၎င်းတို့ လက်သပ်မွေးထားသည့် ရာဇဝတ်အကျဉ်းသားများ က အနိုင်ကျင့် ဖိနှိပ်မှုများအား အုပ်စုဖွဲ့ လုပ်ဆောင်လျက်ရှိသည့်အပြင် ကျန်းမာရေးမကောင်းသူအချို့မှာလည်း ကျွမ်းကျင်သည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ကုသခွင့်မရသည့်အတွက် အသက်သေဆုံးရသူများပင် ရှိနေ သည်။ ထို့ပြင် နိုင်ငံရေးအကျဉ်းသားများအား ထောင်တန်ထမ်းများက ပုဂ္ဂိုလ်ရေးဆိုင်ရာ အလုပ်များဖြစ်သည့် နင်းနှိပ်ခိုင်းခြင်း၊ ဖိနပ်တိုက်ခိုင်းခြင်းများ ပြုလုပ်နေသည့်အပြင် ထောင်ဝင်စာပို့သည့် အစားအသောက်များအား လုယက်ထားခြင်း၊ ၎င်းတို့မလိုချင်သည့် အစားအသောက်များကို ဖျက်ဆီးပစ်ခြင်း၊ အသုံးအဆောင်ပစ္စည်းများအား ဖျက်ဆီးပစ်ခြင်းများကိုလည်း ဆက်တိုက်လုပ်ဆောင်လျက်ရှိသည်။
- လူမဆန်သော ညှဉ်းပန်းနှိပ်စက်မှုများ လုပ်ဆောင်နေသည့် စစ်ကြောရေးစခန်းဟု နာမည်ကျော်သည့် မန္တလေး၊ နန်းတွင်းစစ်ကြောရေးစခန်းတွင် ဖမ်းဆီးထားသည့် နိုင်ငံရေးလှုပ်ရှားသူများအား ဝါယာကြိုးဖြင့် ရိုက်ခြင်း၊ ဓားချွန်ဖြင့် ခန္ဓာကိုယ်အား ထိုးဆွနှိပ်စက်ခြင်း အပါအဝင် ဦးခေါင်းအား အုတ်တံတိုင်းများ တိုက်ခြင်း၊ အုပ်စုဖွဲ့

ထိုးနှက် ကန်ကြောက်ခြင်း၊ သံမံတလင်းတွင် သတင်းစာဟောင်းတစ်ခုသာ ပေး၍ နေထိုင်စေခြင်း၊ ထမင်းအား ဂေါက်သီးလုံး အရွယ်ခန့်သာ မဝမလင် ကျွေးခြင်းများ ပြုလုပ်၍ လူမဆန်စွာ နှိပ်စက်ညှင်းပန်းလျက်ရှိသည်။

- ရန်ကုန်မြို့ရှိ စစ်တပ်လက်အောက်ခံ စစ်ကြောရေးစခန်းများ၌ အကြမ်းဖက်စစ်တပ်က နိုင်ငံရေးအရ ချုပ်နှောင်ခံထားရသည့် အမျိုးသမီးများကိုသာမက အမျိုးသားများကိုပါ လိင်ပိုင်းဆိုင်ရာစော်ကားမှုများ လုပ်ဆောင်လျက်ရှိသည်။

## နိုင်ငံအနှံ့ ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- ရှမ်းပြည်နယ်၊ ရှာင်မြို့နယ်၊ ပဲယင်းတောင်ကျေးရွာတွင် ဧပြီလ ၂၂ ရက် နံနက်ပိုင်းက ရွာခံ အမျိုးသား ခြောက်ဦးကို အကြမ်းဖက်စစ်တပ်က သတ်ဖြတ်ခဲ့သည့်အပြင် အသက် (၅၀) ဝန်းကျင်အရွယ် နောက်ထပ် အမျိုးသားသုံးဦးကို ထပ်မံ သတ်ဖြတ်ခဲ့သည့်အတွက် အပြစ်မဲ့သေဆုံးရသူ ဒေသခံ ကိုးဦးအထိ ရှိလာပြီ ဖြစ်သည်။ ဧပြီလ ၂၂ ရက်က သတ်ဖြတ်ခံရသည့် ရွာခံခြောက်ဦးမှာ ကိုတင်ဖေ၊ ကိုလှစိုး၊ ကိုထွန်းဦး၊ မောင်သက်အောင်၊ ကိုမျိုးထွေး၊ ကိုဝင်းနိုင်တို့ ဖြစ်ပြီး နောက်ထပ် သတ်ခံရသူ သုံးဦးမှာ ကိုဗထူး၊ ကိုဖိုးပြောင်နှင့် ကိုလှရွှင်တို့ဖြစ်ကာ ၎င်းတို့သုံးဦးအား မသတ်ခင် ရွာဘုန်းကြီးကျောင်း၌ နှစ်ရက်ခန့် ချုပ်နှောင်ထားခဲ့သေးသည်။ သတ်ခံရသူ ကိုးဦးမှာ PDF များ ဖြစ်သည် ဟု ဆိုကာ အကြမ်းဖက်စစ်တပ်က စုပ်စွဲသတ်ဖြတ်ခဲ့ခြင်းဖြစ်ပြီး သတ်ဖြတ်ပြီးချိန်တွင်လည်း ၎င်းတို့ ယူဆောင်လာ သည့် လက်နက်များကို ချ၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ယူကာ လူမှုကွန်ရက်များမှတစ်ဆင့် ဝါဒဖြန့်တိုက်ခိုက်မှုများ ကို ဆက်တိုက်ပြုလုပ်ခဲ့သည်။
- ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့ ရာဇူဒိုင်တံတားတွင် ဧပြီလ ၁၅ ရက် နေ့လယ်ပိုင်း သင်္ကြန်ကာလ ကင်းလှည့်နေသော စစ်ကားအား ရေပက်မိသည့် ကညင်ခဲရွာနေ ရွာသားတစ်ဦးအား စစ်တပ်က လက်ပစ်ဗုံး ပစ်ထည့်သည်ဟုဆို ကာ ပစ်သတ်ခဲ့ရာ နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးခဲ့သည့်အပြင် အခြားသူတစ်ဦးလည်း ဒဏ်ရာရကာ ဆေးရုံ၌ ကုသမှု ခံယူနေရသည်။

## စစ်တပ်နဲ့ ရဲပါတဲ့ သွေးသောက်တပ်ဖွဲ့ သတ်ဖြတ်နေမှုများ

- ဧပြီလ ၂၄ ရက်က မန္တလေးမြို့ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - NLG ပါတီဝင်နှင့် NLD ရပ်ကျေးဥက္ကဋ္ဌဖြစ်သည့် စိန်ဝင်းဝင်း လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးခင်မောင်သိန်းနှင့် ဇနီးဒေါ်ခတို့အား ရဲကားများဖြင့် ဖမ်းဆီးသွားခဲ့သည်။ ယင်းနောက် ညသန်းခေါင်အချိန်တွင် မြို့ပတ်လမ်းပေါ် ရှိ NLD ရုံးရှေ့၌ သွေးသောက်အဖွဲ့ အမည်ပါ လည်ဆွဲဆွဲခံထားရပြီး သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည့် ဦးခင်မောင်သိန်းအလောင်းနှင့် ဒဏ်ရာပြင်းပြင်းထန်ထန် ရထားသည့် ဒေါ်ခတို့အား ရဲကားများဖြင့်ပင် လာရောက်စွန့်ပစ်ထားခဲ့ကြသည်။ အသက်မသေဆုံးသေးသည့် ဒေါ်ခအား ဧပြီလ ၂၅ ရက် နံနက် ၆ နာရီကျမှပင် လူနာတင်ကားဖြင့် ဆေးရုံသို့ ပို့ဆောင်ကုသပေးထားရသည်။
- ဧပြီလ ၂၄ ရက် ည ၁၀ နာရီ ၁၃ မိနစ်ခန့်က ၁၉ လမ်း၊ ၂၂ လမ်းကြားရှိ စံပယ်တိုက်ခန်း တန်ဖိုးနည်းအိမ်ရာတွင် အမျိုးသားတစ်ဦးအား PDF ထောက်ပို့ လုပ်ကိုင်သည်ဟုဆိုကာ သတ်ဖြတ်ခံထားရပြီး

အလောင်း၌ သွေးသောက်အဖွဲ့ အမည်ပါ လည်ဆွဲ ချိတ်ဆွဲခံထားရသည်။

- ဧပြီလ ၂၁ ရက်တွင် သွေးသောက်အဖွဲ့က NLD ပါတီဝင်များ၊ မိသားစုဝင်များ၊ တက်ကြွလှုပ်ရှားသူများ၏ မိသားစု ဝင်များကို အနီရောင်စစ်ဆင်ရေးအဖြစ် သတ်ဖြတ်မည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး စစ်တပ်လော်ဘီတစ်ဦးဖြစ်သည့် ဟန်ငြိမ်းဦးအပါအဝင် စစ်တပ်ထောက်ခံသူများက ယင်းကြေညာချက်ကို တယ်လီဂရမ်လူမှုကွန်ရက်၌ မျှဝေခဲ့ကြသည်။

မေလအတွင်း

# စစ်ကိုင်းတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- ရေဦးမြို့နယ်၊
- မုံတိုင်ပင်နှင့် အင်ပင်ကျေးရွာအား မေလ ၁၀ ရက် နံနက်ပိုင်းတွင် အကြမ်းဖက်စစ်တပ်က ဝင်ရောက် စီးနင်းပြီးနောက် ပြည်သူ ၂၇ ဦးထက်မနည်း ပစ်သတ်ခံခဲ့ရကာ ၃၀ ဦး ပျောက်ဆုံးလျက် ရှိသည်။ သေဆုံးခဲ့သူများမှာ မုံတိုင်ပင်ရွာမှ ၁၇ ဦးနှင့် အင်ပင်ရွာမှ ၁၀ ဦးတို့ဖြစ်ပြီး ရွာများအား စီးနင်းခဲ့သည့် အကြမ်းဖက်စစ်တပ်သည် အလောင်းများအား မီးရှို့ဖျောက်ဖျက်ခြင်း၊ ရေတွင်းများအတွင်း ပစ်ချဖျောက်ဖျက်ခဲ့ခြင်းအပြင် လူနေအိမ်အောက် များထဲ၌ ဖျောက်ဖျက်ထားခြင်းများကို ပြုလုပ်ခဲ့သည်။ အကြမ်းဖက်စစ်တပ်က ကျေးရွာများအတွင်း ဝင်ရောက်စီးနင်းစဉ် ကျေးရွာဘုန်းတော်ကြီးကျောင်းများ၌ ပိတ်မိနေသူများအား ငါးယောက် တစ်သုတ်စီ ခေါ်ထုတ်၍ သတ်ဖြတ်မီးရှို့ အလောင်းဖျောက်ဖျက်ခဲ့ကြခြင်း ဖြစ်သည်။ အကြမ်းဖက်စစ်တပ်သည် ကျေးရွာဘုန်းတော်ကြီးကျောင်းမှ သံဃာတော် သုံးပါးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားကာ မေလ ၁၃ ရက် ည ၁၀ နာရီ၌ ရေဦးမြို့ပေါ် ဝါဆိုကျောင်းသို့ ပို့ဆောင်ထားခဲ့သည်။ ဒေသခံပြည်သူ ၂၇ ဦးထက်မနည်း သတ်ဖြတ်အလောင်းဖျောက်ဖျက်ခံရသည့် ကျေးရွာနှစ်ရွာ ဝင်စီးခံရမှုတွင် ဒေသခံပြည်သူ ၃၀ ဦးလည်း ပျောက်ဆုံးလျက် ရှိသည်။
- ရေဦးမြို့နယ်အတွင်းရှိ ကျေးရွာ ခြောက်ရွာမှ ပြည်သူပိုင်နေအိမ် အလုံး ၈၀ ကျော်အား အကြမ်းဖက်စစ်တပ်က မီးရှို့ဖျက်ဆီးပြီးနောက် ၎င်းနှင့် ၎င်းတို့၏ သစ္စာခံ ပျူစောထီးအဖွဲ့များက ပြည်သူပိုင်ပစ္စည်းများကိုလည်း အတင်းအဓမ္မ လုယက်ယူငင်သွားကြသည်။ အကြမ်းဖက် စစ်တပ်က မုံတိုင်ပင်ရွာမှ နေအိမ် (၂၉) လုံး၊ နှောကုန်းမှ ကိုးလုံး၊ အင်ပင်မှ (၁၂) လုံး၊ ချမ်းသာမှ (၂၁) လုံး၊ ဆီဆုံမှ ခုနစ်လုံးနှင့် သံသည်ရွာမှ နှစ်လုံးတို့ကို မေလအတွင်းက ဝင်ရောက်စီးနင်းမီးရှို့ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။ အိမ်ခြေ ၄၈၀ ခန့်ရှိကာ ပြည်သူ ၁၉၀၀ ကျော် မှီတင်းနေထိုင်သည့် မုံတင်ကျေးရွာ၌ မီးရှို့ဖျက်ဆီးမှုများ ကျူးလွန်ခဲ့သည့်အပြင် ဒေသခံများပိုင် တန်ဖိုးရှိ ပစ္စည်းများနှင့် ငွေကြေးများကို အတင်းအဓမ္မ လုယက်သွားသည့်အပြင် မုံတိုင်ပင်ရွာ အရှေ့ဘက်ရှိ အောင်သာယာရွာတွင်လည်း စစ်တပ်က လက် နက်တပ်ဆင်ပေးထားသည့် ပျူစောထီးအဖွဲ့များက ဒေသခံများပိုင် ဆီ ၂၂ ပုံး၊ စပါး ၁၅၀ တင်းနှင့် ပဲထောပတ် ၁၀ တင်းတို့ကိုလည်း လုယက်ယူဆောင်သွားသည်။
- ဘုတလင်မြို့နယ်၊ အုတ်ဖိုကျေးရွာတွင် အကြမ်းဖက်စစ်တပ်က မေလ ၂ ရက် ညနေ ၆ နာရီဝန်းကျင်ခန့်တွင် နယ်မြေရှင်းလင်းရေးအကြောင်းပြချက်ဖြင့် ကျေးရွာအား ဝင်စီးကာ သက်ကြီးရွယ်အိုနှင့် ကလေးမိခင်အပါအဝင် ပြည်သူ ၁၀ ဦးကို ပစ်သတ်ကာ လူငယ်နှစ်ဦးကိုလည်း ဓားစာခံ လူသားတံတိုင်းအဖြစ် ဖမ်းဆီးသွားသည်။ ကျေးရွာအတွင်း သို့ စစ်တပ် ဝင်ရောက်စီးနင်းစဉ် ကျေးရွာ ဘုရားကုန်း၌ မပြေးနိုင်သဖြင့် စုပေါင်းခိုလှုံနေရသည့် သက်ကြီးရွယ်အိုများနှင့် ၎င်းတို့အား လိုက်ပို့ပေးသည့် ထော်လဂျီယာဉ်မောင်း နှစ်ဦးအပါအဝင် ပြည်သူ ၁၀ ဦးကို လူမဆန်စွာ ပစ်ခတ်သတ်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့ သတ်ဖြတ်ခံရသူများတွင် ဘုရားကုန်း၌

သီတင်းသုံးနေသည့် သီလရှင်အား သတ်ဖြတ်ရန် လုပ်ဆောင်နေသည့် အကြမ်းဖက်စစ်သားများအား ဝင်ရောက်တားဆီးသည့် ရွာခံဖြစ်သူ မမိုးမိုးလည်း ပါဝင်ပြီး ၎င်းတို့အား ဦးခေါင်းအား သေနတ်ဖြင့် တေ့၍ ပစ်ကာ သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

- မြောင်မြို့နယ်၊ မယ်မသော်ကျေးရွာအား အင်အား ၁၀၀ ခန့် ပါသည့် အကြမ်းဖက်စစ်တပ်က မေလ ၂၀ ရက်တွင် လက်နက်ကြီးများဖြင့် ပစ်ခတ်ကာ ဝင်ရောက်စီးနင်းပြီးနောက် ရွာအား မီးလောင်တိုက်သွင်းခဲ့သည်။ ယင်းနေ့ မွန်းလွဲ ၁ နာရီခန့်က အကြမ်းဖက်စစ်တပ်က လက်နက်ကြီးပစ်ကူယူကာ စီးနင်းခဲ့ခြင်း ဖြစ်ကာ ရွာအား မီးလောင် တိုက်သွင်းခဲ့ခြင်းကြောင့် ဒေသခံပြည်သူပိုင် နေအိမ် ၇၃ လုံး မီးလောင်ပျက်စီးခဲ့သည်။
- မေလ ၂၁ ရက်က စစ်ကိုင်းတိုင်း မြောင်မြို့နယ်တွင်းရှိ နေပူကုန်းဘုန်းကောင်းနှင့်မင်းတန်းကျေးရွာများကို စစ်တပ်က ဝင်ရောက်စီးနင်း မီးရှို့ဖျက်ဆီးသွားသည်။
- ကလေးမြို့နယ်တောင်ပိုင်း အရှေ့စည်းကျေးရွာအား မေလ ၁ ရက်တွင် အကြမ်းဖက်စစ်တပ်က ဝင်ရောက်စီးနင်းကာ ကျေးရွာဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းကိုသာ ချန်၍ ရွာလုံးကျွတ် မီးလောင်တိုက်သွင်းခဲ့သည့်အပြင် ဒေသခံပြည်သူ သုံးဦးကိုလည်း ရက်စက်စွာ သတ်ဖြတ်ခဲ့သည်။ အိမ်ခြေ ၉၀၀ ကျော်ရှိသည့် အရှေ့စည်းကျေးရွာတွင် ဧပြီလ ၂၇ ရက်က စစ်ကြောင်းထိုးလာသည့် အကြမ်းဖက်စစ်တပ်အား ဒေသခံ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များက ခုခံရာမှ တိုက်ပွဲဖြစ်ပွားခဲ့ရာ စစ်တပ်ဘက်မှ ထိခိုက်သေဆုံးမှု များပြားခဲ့ပြီးနောက် မေလ ၁ ရက်တွင် ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခံရခြင်း ဖြစ်သည်။ မေလ ၃ ရက်တွင်လည်း အကြမ်းဖက်စစ်တပ်က ရဟတ်ယာဉ်များဖြင့် အိမ်ခြေမဲ့နေ သည့် အရှေ့စည်းကျေးရွာခံများအား လှည့်ပတ် ပစ်ခတ်မှုများ ထပ်မံပြုလုပ်ခဲ့သေးသည်။
- ရွှေဘိုမြို့နယ်၊ ဆိပ်ခွန်ကျေးရွာအား မေလ ၂ ရက်တွင် အကြမ်းဖက်စစ်တပ်က လက်နက်ကြီးများဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံပြည်သူ ခြောက်ဦး သေဆုံးခဲ့ကာ ကျေးရွာလည်း ဝင်ရောက်စီးနင်းခံခဲ့ရသည်။ မေလ ၂ ရက် နံနက် ၁၀ နာရီခန့်က ဆိပ်ခွန် မုးဘောင်ဘေး၌ ဆိုင်ကယ်စီးနင်းလာသည့် အသက် ၂၂ နှစ်အရွယ်ကို ကိုရှိုင်းဆိုသူအား အ ကြမ်းဖက်စစ်တပ်က ပစ်ခတ်သတ်ဖြတ်ခဲ့ပြီးနောက် အလောင်းအား မီးရှို့ဖျက်ဆီးကာ ဆိပ်ခွန်-နံ့သာရွာအား လက်နက်ကြီးများဖြင့် စတင်ပစ်ခတ်ခဲ့သဖြင့် မိသားစုဝင် ငါးဦး ပွဲချင်းပြီး သေဆုံးခဲ့သည်။ သေဆုံးသူ ငါးဦးမှာ ယင်းဒေသခံများ မဟုတ်ဘဲ ဆိပ်ခွန်ရွာ အနောက်ဘက်ရှိ ဇီးဖြူကုန်းရွာအနီးမှ ပြောင်းရွှေ့လာသူများဖြစ်ကာ ကျေးရွာအနီး စစ်တပ်လက်အောက်ခံ ပျူစောထီးအဖွဲ့များ လှည့်လည်သွားလာနေသည့်အတွက် အလောင်းကောက် သင်္ဂြိုလ်နိုင်ခြင်း မရှိခဲ့ပေ။
- ခင်ဦးမြို့နယ်တွင်း၌ မေလ ၁၉ နှင့် ၂၀ ရက်တို့တွင် အကြမ်းဖက်စစ်တပ်က ဒေသခံပြည်သူများအား ရည်ရွယ်ချက်ရှိရှိဖြင့် စစ်ရာဇဝတ်မှုများ ကျူးလွန်ခဲ့မှုကြောင့် ဒေသခံပြည်သူ ၁၀ ဦးအထိ သေဆုံးခဲ့ကာ ဒေသခံပြည်သူပိုင် နေအိမ် များစွာ မီးလောင်ပျက်စီးခဲ့ရသည်။ မေလ ၁၉ ရက် ညနေပိုင်းက မူးမြစ်အနောက်ဘက် ရေဦးမြို့နယ်၊ ဇိန်ဇွာရွာဘက် ၌ ဒေသခံကာကွယ်ရေးအဖွဲ့များနှင့် အကြမ်းဖက်စစ်တပ်တို့အကြား တိုက်ပွဲဖြစ်ပွားကာ စစ်တပ်ဘက်မှ အထိနာခဲ့ပြီးနောက် ဘေးပတ်ဝန်းကျင်ရွာများကိုပါ လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။ ယင်းပစ်ခတ်မှုကြောင့် မူးမြစ်အရှေ့ဘက်ရှိ တာတိုင်းကျေးရွာသို့ ကျည်သင့်ခဲ့ရာမှ ဒေသခံငါးဦး သေဆုံးကာ ငါးဦး ဒဏ် ရာရရှိခဲ့သည်။ ထို့နောက် မေလ ၂၀ ရက်တွင် ခင်ဦးမြို့နယ် ကြို့ပင်ကန်ကျေးရွာအား အင်အား ၇၀ ခန့်ဖြင့် အကြမ်းဖက်စစ်တပ်က ဝင်ရောက်စီးနင်းပြီးနောက် ရွာမှ ပြန်အထွက်တွင် ပြည်သူတစ်ဦးအား ရက်စက်စွာ သတ်ဖြတ်သွားခဲ့သည်။ ယင်းနေ့ နေ့လယ်ပိုင်းတွင် ရေဦးမြို့ပေါ်မှ ထွက်လာသည့် စစ်တပ်ကားသုံးစီးအား အင်းပတ်ကွေ့အနောက်ဘက် ဝါးဆိုင်အနီးတွင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့များက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ အထိနာခဲ့သည့် အတွက် အနီးရှိ အင်းတိုင်လေး (တောင်) ကျေးရွာအား လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်မှုကြောင့် ဒေသခံများဖြစ်သည့် ကိုနိုင်ဦး၊ ကိုဝင်းဗိုလ်နှင့် မလုံးခင်တို့ ကျည်ထိမှန်သေဆုံးခဲ့သည်။ လက်နက်ကြီးပစ်ခတ်မှုကြောင့် ကျေးရွာတွင်းရှိ ပြည်သူပိုင်နေအိမ် ၇၀ လုံးခန့် ပျက်စီးခဲ့သည့်အပြင် မပြေးနိုင်ဘဲ ကျန်နေခဲ့သည့် အသက် ၇၅ နှစ်အ ရွယ် ဦးစိန်လင်းကိုလည်း အကြမ်းဖက်စစ်တပ်က နေအိမ်နှင့်အတူ မီးရှို့သတ်ဖြတ်ခဲ့သည်။ ခင်ဦးမြို့နယ်အတွင်းတွင် အကြမ်းဖက်စစ်တပ်နှင့်

၎င်းတို့လက်အောက်ခံ ပျူစောထီးအဖွဲ့များက ကျေးရွာပေါင်း ၃၀ ကျော်ကို မီးရှို့ဖျက်ဆီးထားသည်။

- ခင်ဦးမြို့နယ်၊ သိမ်တော်နှင့် အင်းပတ်ကျေးရွာအတွင်း အကြမ်းဖက်စစ်ကောင်စီတပ်များက အကြောင်းမဲ့မီးရှို့ဖျက်ဆီး သတ်ဖြတ်မှုများကြောင့် ဒေသခံပြည်သူ နှစ်ဦး သေဆုံးကာ နေအိမ် ၂၃ လုံး မီးလောင်ပြာကျ ပျက်စီးခဲ့သည်။ မေလ ၁၅ ရက်က နံနက်ပိုင်းက ရေဦးမြို့မှ ထွက်လာသော အင်အား ၁၀၀ ကျော်ပါသည့် အကြမ်းဖက်စစ် ကြောင်းမှာ ရွှေယမင်းရွာအား ဝင်ရောက်စီးနင်းပြီးနောက် အနီးရှိ သိမ်တော်ရွာသို့ နေ့လယ် ၁၂ နာရီခန့်တွင် ရောက်ရှိလာခဲ့ကာ ဒေသခံများပိုင် နေအိမ် ၁၇ လုံးကို မီးလောင်တိုက်သွင်းခဲ့သည့်အပြင် ဓားစာခံအဖြစ် ဖမ်းဆီးထားသူတစ်ဦးအား ကောက်ရိုးပုံပေါ်၌ မီးရှို့သတ်ဖြတ်ခဲ့ကာ မည်သူမည်ဝါ ဖြစ်သည်ကိုမူ အတည်ပြုနိုင်ခြင်း မရှိခဲ့ပေ။ အဆိုပါ စစ်ကြောင်းမှာ မေလ ၁၆ ရက် နံနက် ၁၀ နာရီခန့်တွင် အင်းပတ်ကျေးရွာရှိ စစ်ဘေးရှောင်ပြည်သူများ ခိုလှုံနေသည့် ကျေးရွာစာသင်ကျောင်းအား ပစ်မှတ်ထား၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ကာ ဝင်ရောက်လာခဲ့ရာ ဒေသခံကာကွယ်ရေးတပ်ဖွဲ့များက ခုခံသည့်အတွက် အထိနာခဲ့သော်လည်း ပြည်သူပိုင် နေအိမ် ခြောက်လုံး မီးရှို့ဖျက်ဆီးခံရကာ ၎င်းတို့နှင့်အတူ ဖမ်းဆီးခေါ်ဆောင်လာသည့် ဓားစာခံတစ်ဦးကိုလည်း ပစ်သတ် မီးရှို့အလောင်းဖျောက်ဖျက်ခဲ့သည်။
- ဘုတလင်မြို့နယ်တွင် အကြမ်းဖက်စစ်တပ်က ကျေးရွာများအား မီးလောင်တိုက်သွင်းခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ဖျက်ဆီးလျက်ရှိကာ ယခင် စစ်ကိုင်းတိုင်းဝန်ကြီးချုပ်ဟောင်း ဖြစ်သည့် အငြိမ်းစား စစ်ဗိုလ်ချုပ် (ဦး) သာအေး၏ မွေးဇာတိဖြစ်သည့် ချောင်းဝကျေးရွာပါ မီးရှို့ဖျက်ဆီးခံခဲ့ရပြီး ၎င်း၏ ညီမနှင့် ဆွေမျိုးများအပြင် စစ်တပ်ကျောထောက် နောက်ခံ ကြံ့ခိုင်ရေးပါတီဝင်များပါ ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ အိမ်ခြေ ၅၀ ကျော် ရှိသည့် ချောင်းဝကျေးရွာတွင် စစ်တပ်မထောက်ခံသည့် အိမ်ခြေ ခုနစ်လုံးသာ ရှိကာ ကျန်အားလုံးမှာ ကြံ့ခိုင်ရေးပါတီ အမာခံဖြစ်သော်လည်း အကြမ်းဖက်စစ်တပ်က ဝင်ရောက်စီးနင်း မီးရှို့မှုများ ပြုလုပ်၍ ဗိုလ်ချုပ်ဟောင်း (ဦး) သာအေး၏ ညီမဖြစ်သူ ဒေါ်မြမြ အပါအဝင် ဆွေမျိုးများမှာ ရွာအား စွန့်ခွာ၍ ဘုတလင်မြို့သို့ ပြောင်းရွှေ့နေထိုင် နေရသည်။

အကြမ်းဖက်စစ်တပ်သည် ချောင်းဝအပြင် ဘုတလင်နှင့် ကနီမြို့နယ်အစပ်ရှိ ရေဘုတလင်၊ သာယာကုန်း၊ ဝက်ချောင်းလေး၊ သရက်တောနှင့် ဆင်စမ်းကျေးရွာတို့ကိုလည်း မီးလောင်တိုက်သွင်း ဖျက်ဆီးထားသည်။

- ကသာမြို့နယ်၊ အင်းလေးကျေးရွာအုပ်စု၊ ပျဉ်လေးပင်ကျေးရွာအနီးတွင် ဧပြီလ ၃၀ ရက်က ဒေသခံကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားပြီးနောက် အကြမ်းဖက်စစ်တပ်က အပြစ်မဲ့ဒေသခံပြည်သူ လေးဦးအား ဖမ်းဆီး မီးရှို့ သတ်ဖြတ်ခဲ့သည်။ သေဆုံးသူ ပျဉ်လေးပင်ရွာမှ ဦးမျိုးသန့် (၄၄ နှစ်)၊ ဦးမြင့်တင် (၄၂ နှစ်)၊ ကိုစိုးမိုးအောင် (၃၅) နှစ်နှင့် တည်တော၊ ထီးချိုင့်မှ ကိုဝင်းမြင့် (၃၄ နှစ်) တို့ဖြစ်ပြီး ၎င်းတို့အား ပျဉ်လေးပင်ကျေးရွာအနီး ပေ (၅၀) လမ်းဘေး လွင်ယားကွင်း၌ မီးရှို့ သတ်ဖြတ်ခဲ့ခြင်း ဖြစ်ကာ ကျန်ဒေသခံ ခြောက်ဦးမှာလည်း လူသားတံတိုင်းအဖြစ် ဓားစာခံဖမ်းဆီးခံထားရပြီး မိသားစုနှင့် အဆက်အသွယ် ပြတ်တောက်လျက် ရှိသည်။
- ရွှေဘိုမြို့နယ်၊ ညောင်ပင်သာကျေးရွာအား မေလ ၂ ရက်တွင် အကြမ်းဖက်စစ်တပ်က ဝင်ရောက်စီးနင်းကာ အမျိုးသမီးတစ်ဦးအပါအဝင် ဒေသခံ ခြောက်ဦးအား သတ်ဖြတ်ခဲ့သည့်အပြင် ရွာအတွင်း၌ ဒေသခံများ ပြန်လည် ဝင်ရောက်နေထိုင်ခြင်း မပြုနိုင်ရန် ဗုံးများ ထောင်ထားခဲ့သည်။ သေဆုံးသူများမှာ ကိုကျော်နိုင်၊ ကိုပြည့်ဖြိုးအောင်၊ ကိုဖိုးစပ်၊ ကိုကျော်နိုင်၊ ကိုဇော်မင်းအောင်နှင့် မမြင့်စန်းတို့ ဖြစ်ကာ ရွာထိပ်၌ မိုင်းထောင်ထား၍ အလောင်းများအား ကောက်ယူသင်္ဂြိုလ်ခြင်း မပြုနိုင်ဘဲ ပစ်ထားရသည်။ အဆိုပါ အကြမ်းဖက်စစ်ကြောင်းမှာ မေလ ၂ ရက် နံနက် ၉ နာရီခန့်ကလည်း ညောင်ပင်သာရွာတွင်းသို့ လက်နက်ကြီးများဖြင့် ပစ်ခတ်ကာ ဝင်ရောက်စီးနင်းခဲ့သည့်အပြင် အနီး အနားရှိ ကျေးရွာများကိုလည်း လက်နက်ကြီးများဖြင့် ထပ်မံ၍ ရမ်းသမ်းပစ်ခတ်ခဲ့သည်။
- ကန့်ဘလူမြို့နယ်၊ ကိုးတောင်ဘို့ရွာနှင့် ကောလင်းကြားရှိ တောင်ရိုးအား မေလ ၂ ရက် ညပိုင်းတွင် အကြမ်းဖက်စစ်တပ်နှင့် ပျူစောထီးများက လက်နက်ကြီးများဖြင့် အချက် ၅၀ ထက်မနည်း ပစ်ခတ်ကာ ကိုးတောင်ဘို့ရွာသို့ ဝင်ရောက်လာပြီးနောက် ပြည်သူပိုင် ဆန်စက် တစ်လုံးနှင့် ကွက်သစ်ရှိ ပြည်သူပိုင်နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည်။

- ဘုတလင်မြို့နယ်၊ အုတ်ဖိုနှင့် အိုင်ရှည်ကျေးရွာကြားရှိ ယောဂီတောကျောင်း၌ စစ်ရှောင်ခိုလှုံနေသည့် ဒေသခံ ၁၀၀ အနက် ကိုးဦးအား အင်အား ၁၅ ဦးခန့် ပါသည့် အကြမ်းဖက်စစ်ကြောင်းက အကြောင်းမဲ့ပစ်သတ်ကာ ရွှေထည်၊ ဖုန်းနှင့် ကျပ်သိန်း ၆၀ ကျော်ကိုလည်း လုယက်သိမ်းယူသွားသည်။ အဆိုပါ စစ်ဘေးရှောင်များမှာ အနီးအနားရွာများမှ လာရောက်ခိုလှုံနေကြသူများ ဖြစ်ကာ ဒီပဲယင်းမြို့နယ်၊ စိုင်ပြင်ကြီးမြို့ဘက်မှ တက်လာသည့် ယင်းအကြမ်း ဖက်စစ်ကြောင်းက မေလ ၂ ရက် ညပိုင်းတွင် ယောဂီကျောင်းသို့ စီးနင်းပြီးနောက် အသက် ၈၀ ကျော် အမျိုးသား နှစ်ဦး၊ အသက် ၃၀ ဝန်းကျင် ကလေးမိခင်တစ်ဦးအပါအဝင် ကိုးဦးကို သတ်ဖြတ်ခဲ့ခြင်းဖြစ်ကာ ည ၇ နာရီကျော်မှ စစ်ကြောင်းပြန်ဆုတ် ထွက်ခွာသွားကြသည်။
- ခင်ဦးမြို့နယ် အင်းပတ်ကျေးရွာတွင် မေလ ၂ ရက်က အကြမ်းဖက်စစ်ကောင်စီတပ်များ အကြမ်းဖက်မှုကြောင့် ပြည်သူတစ်ဦး သေဆုံးကာ နေအိမ် ၃၀၅ လုံး မီးလောင်ပျက်စီးခဲ့သည်။ ယင်းနေ့ နေ့လယ်ပိုင်းတွင် အကြမ်းဖက် စစ်တပ်က ရွာအား မီးလောင်တိုက်သွင်းခဲ့၍ ပြည်သူတစ်ဦးအာ မီးရှို့သတ်ဖြတ်ကာ ညနေ ၃ နာရီခန့်တွင် ပြန်လည် ထွက်ခွာခဲ့ကာ နေအိမ် ၃၀၅ လုံးအပြင် ခိုင်းနွား ၁၀ ကောင်၊ ရေစုပ်စက်၊ စပါးမှုတ်စက်၊ ထွန်စက် ၂၀ လုံးနှင့် ဆိုင်ကယ်/စက်ဘီး ၄၀ စီး ပျက်စီးဆုံးရှုံးခဲ့သည်။ မီးလောင်သတ်ဖြတ်ခံရသူမှာ အလောင်းပြာကျသွားသည့်အတွက် မည်သူမည်ဝါဖြစ်ကြောင်းကို အတည်မပြုနိုင်သေးသည့်အပြင် ဒေသခံ ၂၀၀၀ ခန့်မှာလည်း ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရပြီး စားသောက်၊ နေထိုင်ရေးအတွက် အခက်အခဲများစွာ ကြုံနေရသည်။ အကြမ်းဖက်စစ်တပ် သည် ခင်ဦးမြို့နယ်တွင်းရှိ ကြာပင်အိုင်၊ သရက်ကန်၊ အင်တိုင်လေးနှင့် မူးသာကျေးရွာများကိုလည်း ဝင်ရောက်စီး နင်းကာ ပြည်သူပိုင်ပစ္စည်းများနှင့် အိမ်မွေးတိရစ္ဆာန်များကိုပါ လုယယက် ယူဆောင်လျက်ရှိသည်။
- ဝက်လက်မြို့နယ်တွင် အကြမ်းဖက်စစ်တပ်က ကျေးရွာများအား မီးရှို့ဖျက်ဆီး၊ လူသတ်မှုများ ကျူးလွန်လျက်ရှိရာ မေလ ၁၄ ရက်တွင် မုတ်ထိကျေးရွာသား ကိုကျော်ဆန်းနိုင်နှင့် အခြားပြည်သူတစ်ဦး၊ ဘင်တဲကုန်းရွာသား ကိုကျော်နိုင်တို့ သတ်ဖြတ်ခံခဲ့ရသည်။ အကြမ်းဖက်စစ်တပ်က မုတ်ထိကျေးရွာအား ဝင်စီးစဉ် မုတ်ထိကျေးရွာသား နှစ်ဦး အား ဖမ်းဆီးသတ်ဖြတ်ခဲ့ခြင်းဖြစ်ကာ ဘင်တဲကုန်းရွာသား ကိုကျော်နိုင်ကိုမူ ဆားတောင်ကြီးကျေးရွာအနီး၌ ရက်စက်စွာ မီးရှို့သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။ အကြမ်းဖက်စစ်တပ်မှာ မုတ်ထိကျေးရွာအား မေလ ၁၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ဝင်ရောက်စီးနင်းခဲ့ကာ ပြည်သူပိုင် နေအိမ်များအား သုံးနေရာခွဲ၍ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ဒေသခံများ ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရပြီး ပျက်စီးဆုံးရှုံးမှု အခြေအနေကို အတိအကျ အတည်ပြုနိုင်ခြင်း မရှိသေးပေ။

# မကွေးတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- ပေါက်မြို့နယ်၊ ထန်းပေါက်ကုန်းကျေးရွာနေ လူမှုကူညီရေးလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်နေသည့် ကိုသန်းထွန်းဦး ဆိုသူအား ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF များအား ကူညီနေသည်ဆိုသည့် စွပ်စွဲချက်ဖြင့် ဖေဖော်ဝါရီလ ၂၁ ရက်တွင် အကြမ်းဖက်စစ်တပ်က ဖမ်းဆီးထားပြီးနောက် သတ်ဖြတ်ခဲ့ကာ အလောင်းကိုလည်း မိသားစုများထံ ပြန် လည်ပေးအပ်ခြင်း မရှိခဲ့ပေ။ ကိုသန်းထွန်းဦးမှာ ရွာပြင်စာသင်ကျောင်း၌ ရေစက်မောင်းရန် နေအိမ်မှအသွား လမ်း၌ စစ်တပ်နှင့် ထိပ်တိုက်တွေ့ဆုံမိကာ လက်ပံတိုရေနံမြေရဲစခန်းသို့ ဖမ်းဆီးခေါ်ဆောင်ခံရပြီးနောက် နှိပ်စက် သတ်ဖြတ်ခံခဲ့ရခြင်းဖြစ်ကာ ၎င်းတွင် လေးလသား ကိုယ်ဝန်လွယ်ထားသည့် ဇနီးသည်နှင့် ကလေးငယ်နှစ်ဦး ကျန်ရစ်ခဲ့သည်။
- ရေစကြိုမြို့နယ်၊ ရေလယ်ကျွန်းဒေသရှိ မိုးကွဲကျေးရွာအား အကြမ်းဖက်စစ်တပ်က မီးတင်ရှို့ဖျက်ဆီးခဲ့သည်။ အကြမ်းဖက်စစ်ကောင်စီတပ်များမှာ ရေစကြိုမြို့နယ်တွင်း၌ ပြည်သူပိုင်နေအိမ်များအား မီးရှို့ဖျက်စီးခြင်း၊ ဒေသခံ များအား

ဖမ်းဆီးသတ်ဖြတ်ခြင်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက် ရှိသည်။

- မြိုင်မြို့နယ်၊ လက်ယက်မရွာအား မေလ ၁၄ ရက်တွင် အကြမ်းဖက်စစ်တပ်က ဝင်ရောက်စီးနင်းပြီးနောက် သတ်ဖြတ်ခံထားရသည့် ရုပ်အလောင်းများအား တွေ့ရှိခဲ့သည်။ မေလ ၁၅ ရက်တွင် အကြမ်းဖက်စစ်တပ် ပြန်ထွက်သွားပြီးနောက် ဒေသခံများက ကျေးရွာအတွင်းပြန်ဝင်လာစဉ် အကြမ်းဖက်စစ်တပ်က သတ်ဖြတ်မီးရှို့ထားသည့် ရုပ်အ လောင်းများကို တွေ့ရှိခဲ့ရခြင်းဖြစ်ကာ မေလ ၁၆ ရက်တွင် အကြမ်းဖက်စစ်တပ်မှာ ရွာအတွင်းသို့ ပြန်လည်ဝင်ရောက် စီးနင်းမှုများ ပြုလုပ်ခဲ့သေးသည်။ စီးနင်းမှုများ ပြုလုပ်စဉ်အတွင်း အကြမ်းဖက်စစ်တပ်က ကျေးရွာတွင်းရှိ ပြည်သူပိုင်နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ မည်မျှပျက်စီးသည်ကို အတည်မပြုနိုင်သေးသော်လည်း နေအိမ်အချို့ သာ ကျန်ရစ်ခဲ့ကာ ဒေသခံများမှာလည်း ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရသည်။
- မြိုင်မြို့နယ်၊ တောင်ဘို့ရွာအား မေလ ၁၂ ရက် မွန်းလွဲ ၁ နာရီခန့်တွင် အကြမ်းဖက်စစ်တပ်က ဝင်ရောက်စီးနင်းပြီး နောက် ကျေးရွာနေပြည်သူတစ်ဦးကို ပစ်သတ်ကာ ၁၀ ဦးအား ဓားစာခံ လူသားတံတိုင်းအဖြစ် ဖမ်းဆီးထားသည်။ ရွာလုံးကျွတ် တိမ်းရှောင်နေရသည့်အတွက် သေဆုံးသူ မည်သူမည်ဝါဖြစ်သည်ကို အတည်မပြုနိုင်သေးသော်လည်း အကြမ်းဖက်စစ်တပ်မှာ ပြည်သူပိုင်နေအိမ်များရှိ တန်ဖိုးရှိ ပစ္စည်းများကို လုယက်သယ်ဆောင်သွားသည့်အပြင် ကျန်ပစ္စည်းများကိုလည်း သုံး၍ မရအောင် ဖျက်ဆီးထားခဲ့သည်။ ရွာအတွင်း တပ်စွဲစီးနင်းထားစဉ်အတွင်း အကြမ်း ဖက်စစ်တပ်မှာ တောင်ဘို့ရွာမှ လက်ယက်စံပြကျေးရွာဘက်သို့ လက်နက်ကြီးများဖြင့် ရှစ်ချက်ခန့် ပစ်ခတ်ခဲ့ရာ ကျောက်ဆောက်နှင့် ကုန်းစင်ရှားတောရွာများဘက်သို့ လက်နက်ကြီးကျည် ကျရောက်ခဲ့ပြီး ထိခိုက်မှု ရှိ၊ မရှိကို သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပေ။
- မြိုင်မြို့နယ်တောင်ပိုင်းရှိ အိမ်ခြေ ၈၀၀ ခန့်ရှိ ပန်းတိုင်တောကျေးရွာအား အကြမ်းဖက်စစ်တပ်နှင့် လက်ပါးစေ ပျူစောထီးများက မေလ ၁၉ ရက် နံနက် ၇ နာရီခွဲခန့်တွင် သေနတ်ပစ်ဖောက် ဝင်ရောက်စီးနင်းပြီးနောက် ပြည်သူပိုင် နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့ရာ ဒေသခံများ ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရသည်။
- မြိုင်မြို့နယ်၊ ရွာရှည်ကျေးရွာတွင် အကြမ်းဖက်စစ်တပ်က မေလ ၁၄ နှင့် ၁၅ ရက်တို့၌ နှစ်ရက်ဆက်စီးနင်းမှုများ ပြုလုပ်ခဲ့ရာ ပြည်သူ သုံးဦး သေဆုံးခဲ့သည့်အပြင် ပြည်သူပိုင်နေအိမ် ၆၅ လုံး မီးလောင်ပျက်စီးခဲ့သည်။ မေလ ၁၄ ရက်က ရွာအတွင်းသို့ လက်နက်ကြီးပစ်ကူယူ၍ စီးနင်းခဲ့ရာ လက်နက်ကြီးကျည်သင့်၍ ဒေသခံရွာသား သုံးဦး သေဆုံးခဲ့ကာ ပြည်သူပိုင် နေအိမ် ၄၅ လုံး မီးလောင်ပြာကျခဲ့ပြီး မေလ ၁၅ ရက် စီးနင်းမှုတွင် ဒေသခံပြည်သူ ထပ်မံသေဆုံးမှု မရှိခဲ့သော်လည်း နေအိမ် ၂၀ လုံး ထပ်မံ မီးလောင်ပြာကျ ဆုံးရှုံးခဲ့သည်။ ဒေသခံများမှာ စစ်အုပ်စု အကြမ်းဖက်မှု ထပ်မံမခံရရန်အတွက် နေအိမ်နှင့် ကျေးရွာအား စွန့်ခွာ၍ ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရသည့် အတွက် သေဆုံးသူ သုံးဦးမှာ မည်သူမည်ဝါ ဖြစ်ကြောင်းကို သီးခြားအတည်မပြုနိုင်သေးပေ။
- မြိုင်မြို့နယ်၊ တောင်ကိုးရွာ၌ မေလ ၁၃ ရက်က အကြမ်းဖက်စစ်ကောင်စီဘက်မှ လက်နက်ကြီးများဖြင့် ပစ်ခတ်မှု ကြောင့် ကျေးရွာ ဘုန်းတော်ကြီးကျောင်း အပါအဝင်ပြည်သူပိုင် နေအိမ် သုံးလုံး ပျက်စီးခဲ့သည်။ လက်နက်ကြီးပစ်ကူယူကာ ကျေးရွာအား စီးနင်းသည့် အဆိုပါ အကြမ်းဖက်စစ်တပ်မှာ ကျေးရွာတွင်းရှိ ပြည်သူပိုင်နေအိမ်များမှ တန်ဖိုးရှိပစ္စည်းများကို မွှေနှောက်လုယက် သိမ်းယူသွားသည့်အပြင် ၎င်းတို့ မယူဆောင်နိုင်သည့် ပစ္စည်းများကိုလည်း ဖျက်ဆီးသွားခဲ့သည်။ တောင်ကိုင်းရွာနေ ပြည်သူများမှာ ယနေ့အချိန်အထိ ဘေးလွတ်ရာသို့ တိမ်းရှောင်နေကြရဆဲ ဖြစ်သည်။

# ရန်ကုန်၊ သန်လျင်က အကြမ်းဖက်စစ်တပ် ကျူးလွန်တဲ့ မုဒိန်းမှု

- သန်လျင်မြို့နယ် အခြေစိုက် သန်လျင်တပ်နယ်မှူးရုံးမှ တပ်ကြပ်ကြီး ကျော်ဇောဦးနှင့် တပ်ထိန်းတပ်မှ တပ်ကြပ်ကြီး လူလူကျော်တို့ နှစ်ဦးမှာ မေလ ၇ ရက် ညနေ ၄ နာရီခန့်က အမျိုးသမီးတစ်ဦး (လုံခြုံရေးအရ အမည် မဖော်ပြထား) အား အလိုမတူဘဲ အဓမ္မပြုကျင့်ခဲ့သည်။ ၎င်းတို့ နှစ်ဦးအား

အဆိုပါအမျိုးသမီးအား ၎င်းတို့တာဝန်ကျရာ သဘော်ဖျက်စက်ရုံသို့ အတင်းအဓမ္မခေါ်ဆောင်ကာ အဓမ္မပြုကျင့်ခဲ့ခြင်းဖြစ်ကာ ရဲစခန်း၌ အမှုဖွင့်ခွင့်မရအောင်အတွက်လည်း ပြုကျင့်ခံရသူ၏ မိဘနှင့် မိသားစုဝင်များအားကိုလည်း စစတပ်အရာရှိများက ဖိအားပေး ခြိမ်းခြောက်မှုများ ဆက်တိုက် ပြုလုပ်လျက် ရှိကာ အဓမ္မပြုကျင့်မှုများ ပြုလုပ်ခဲ့သည့် တပ်ကြပ်ကြီးနှစ်ဦးကိုလည်း နယ်ပြောင်းရန်အတွက် ပြင်ဆင်လျက်ရှိသည်။

## မိသားစုလိုက် ပစ်ခတ် သတ်ဖြတ်ခံရတဲ့ ကျောင်းသူမိသားစု

- ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၇) ရပ်ကွက်၊ အောင်သပြေလမ်းနှင့် စံပယ်လမ်းထိပ်တွင် ရန်ကုန် အရှေ့ပိုင်း တက္ကသိုလ် ရူပဗေဒ (နောက်ဆုံးနှစ်) ကျောင်းသူ မဟန်နီဦးနှင့် မိသားစုဝင် နှစ်ဦးကို မေလ ၁၉ ရက်က စစ်တပ် လက်အောက်ခံ လက်နက်ကိုင်အဖွဲ့တစ်ခုက ပစ်ခတ်သတ်ဖြတ်ခဲ့သည်။ မဟန်နီဦးမှာ ပစ်ခတ်ခံသည့် နေရာတွင်ပင် ပွဲချင်းပြီး သေဆုံးခဲ့ကာ ဦးလေးနှင့် မိခင်ဖြစ်သူတို့ကို ဆေးရုံသို့ ပို့ဆောင်နိုင်ခဲ့သော်လည်း ဦးလေးဖြစ်သူမှာ ဆေးရုံ တွင်ပင် သေဆုံးသွားကာ မိခင်ဖြစ်သူမှာ ဆက်လက်ကုသမှု ခံယူနေရသည်။

## ရန်ကုန်တိုင်းအတွင်းက ချိတ်ပိတ် သိမ်းဆည်း လုယက်ယူဆောင်ခံနေရမှုများ

- ရန်ကုန်တိုင်း၊ ခရမ်းမြို့နယ်တွင် မေလ ၆ ရက်က နေအိမ်ချိတ်ပိတ်ခံထားရသည့် ခရမ်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - NLD ပါတီမှ လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး၊ နွေဦးတော်လှန်ရေးခေါင်းဆောင် တစ်ဦးနှင့် ခရမ်း ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ခေါင်းဆောင် ကိုမီးပွားတို့ နေအိမ်များသို့ အကြမ်းဖက်စစ်တပ်က ဝင်ရောက်ကာ နေအိမ်များ အတွင်းရှိ တန်ဖိုးရှိ ပစ္စည်းများ သိမ်းဆည်းသွားသည်။ သိမ်းဆည်းခံရသည့် ပစ္စည်းများတွင် တန်ဖိုးရှိ အိမ်အသုံးအဆောင်ပစ္စည်းများအပြင် ပရိဘောဂများ၊ Sound Box များအပြင် အစားအသောက် ချက်ပြုတ်ရာတွင် အသုံးပြုသည့် ဒယ်နီအိုးများကိုပါ သိမ်းဆည်းသွားသည်။
- ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၊ ဘုရားလမ်းရပ်ကွက်အတွင်းရှိ နေအိမ် ခုနစ်လုံးအား အကြမ်းဖက်စစ်တပ်က ချိတ်ပိတ်ခဲ့သည့်အပြင် နေထိုင်သူများကို အကြမ်းဖက်ဖမ်းဆီး တရားစွဲဆိုမှုများ ပြုလုပ်နေသည့်အတွက် တိမ်းရှောင်နေကြရသူများ ရှိသည်။

## မန္တလေးတိုင်းတွင် ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်၊ ၈၆ လမ်း (၃၃ နှင့် ၃၄ လမ်းကြား)၊ အကွက်အမှတ် (၂၇၃) တွင် မေလ ၂၁ ရက် နံနက်ပိုင်းက အသက် ၆၁ နှစ်အရွယ် ဒေါ်မြမြနှင့် အသက် ၃၅ နှစ်အရွယ် ဒေါ်ခင်စန်းအေးတို့အား လည်ပင်း၌ သွေးသောက်အဖွဲ့လည်ဆွဲ ဆွဲခံရကာ ထိုးသွင်းဒဏ်ရာများဖြင့် သေဆုံးလျက် တွေ့ရှိခဲ့ရ သည်။ ဒေါ်မြမြမှာ နေအိမ်နောက်ဖေး မီးဖိုခန်း၌ လက်နောက်ပြန် ကြိုးတုတ်လျက် ပါးစပ်၌ အဝတ်ဆို့ခံထားရကာ လည်ပင်း၊ ဝမ်းဗိုက်နှင့် ဝဲဘက်နံဘေးတို့၌ ထိုးသွင်းဒဏ်ရာ တစ်ချက်စီဖြင့် သေဆုံးလျက် တွေ့ရှိရကာ ဒေါ်ခင်စန်းအေးမှာ နေအိမ်ရှေ့ ဧည့်ခန်းထိုင်ခုံ၌ လက်ပြန်ကြိုးတုပ်၊ ပါးစပ်အဝတ်စည်းခံထားရသည့် အနေအထားဖြင့်

လည်ပင်နှင့် ယာဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာတစ်ချက်စီ၊ ဝဲဘက်ရင်အုံတွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်ဖြင့် သေဆုံးနေခြင်းဖြစ်ကာ လည်ပင်း၌ သွေးသောက်အဖွဲ့ လည်ဆွဲကတ်ပြားတစ်ခုစီ ချိတ်ဆွဲခံထားရသည်။ စုံစမ်းမှုများအရ သေဆုံးသူများမှာ မြိုင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF မှ ရဲဘော် ရာဟု ၏ မိခင်ဖြစ်သူ ဒေါ်မြမြနှင့် သမီးတို့ ဖြစ်ကြောင်း သိရှိရသည်။ မန္တလေးမြို့တွင် အနီရောင်စစ်ဆင်ရေး သွေးသောက်အဖွဲ့ လည်ဆွဲကတ်ပြား ချိတ်ဆွဲခံရသူ ၁၀ ဦးခန့်အထိ ရှိလာပြီးဖြစ်ကာ ယခုတစ်ကြိမ်တွင် နေအိမ်တွင်းအထိ ဝင်ရောက်သတ်ဖြတ်ခံရခြင်း ဖြစ်သည်။

- ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်ရှိ တည်းခိုခန်းတစ်ခုအား မေလ ၃ ရက် နေ့လယ်ပိုင်းတွင် အကြမ်း ဖက်စစ်တပ်က ဝင်ရောက်စီးနင်းကာ တည်းခိုနေသည့် အမျိုးမီးတစ်ဦးအပါအဝင် လူငယ်သုံးဦးအား ပစ်ခတ်သတ် ဖြတ်ခဲ့သည့်အပြင် တစ်ဦးအား ရိုက်နှက်ဖမ်းဆီး၍ ရပ်ကွက်အုပ်ချုပ်ရေးမှူး နေအိမ်သို့ ခေါ်ဆောင်သွားသည်။ အဆိုပါ တည်းခိုခန်းမှာ ၅၈ လမ်း (၁၀၇ နှင့် ၁၀၈ လမ်းကြား) တွင် တည်ရှိကာ ဒဏ်ရာရ ပြည်သူ့ကာကွယ်ရေးတပ် ဖွဲ့ - PDF မှ လူငယ်တစ်စု တည်းခိုနေကြောင်း ဒလန်သတင်းပေးမှုကြောင့် စစ်ကောင်စီတပ်များက အင်အားသုံး ဝင်ရောက်စီးနင်း ပစ်ခတ်သတ်ဖြတ်၊ ဖမ်းဆီးသွားခြင်း ဖြစ်သည်။
- မန္တလေး ဆေးတက္ကသိုလ်ကျောင်းသား ကိုကျော်ညီဇင်မှာ မေလ ၂၀ ရက်က မိသားစုနှင့်အတူ ကားစီးလာစဉ် အကြမ်းဖက်စစ်တပ်က ပစ်ခတ်သည့် ကျည်ဆန်မှာ ဦးခေါင်းထိမှန်၍ သေဆုံးခဲ့သည်။ ၎င်းမှာ အာဏာသိမ်းစစ်ကောင်စီက ဖွင့်လှစ်ထားသည့် ဆေးတက္ကသိုလ်သို့ တက်ရောက်ခြင်းမပြုဘဲ စစ်ကျွန်ပညာရေးကို သပိတ်မှောက်ထားသည့် ကျောင်းသားတစ်ဦးလည်း ဖြစ်သည်။
- မန္တလေး၊ တံတားဦးလေဆိပ်တွင် စစ်တပ်နှင့် ရဲ ပါဝင်သည့် လက်နက်ကိုင်အကြမ်းဖက်သော သွေးသောက်အဖွဲ့က ပြည်သူနှစ်ဦးအား သတ်ဖြတ်ကာ အလောင်းအား စွန့်ပစ်ထားခဲ့သည်။ အသက်ခံရသူ နှစ်ဦးမှာ လက်ပြန်ကြိုးတုပ် အနေအထားဖြင့် သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံထားရခြင်း ဖြစ်သည်။
- အကြမ်းဖက် စစ်တပ်နှင့် ရဲတပ်ဖွဲ့ ကျောထောက်နောက်ခံပေးထားပြီး လက်နက်ကိုင်ဆောင်ခွင့်ရထားသည့် သွေးသောက်အဖွဲ့မှာ မန္တလေးတိုင်း၊ ကျောက်ဆည်မြို့နယ်တွင်း၌ ပြည်သူများအား ခြိမ်းခြောက်ကာ ဆက်ကြေး ကောက်ခံမှုများ ပြုလုပ်လျက် ရှိသည်။

# တနင်္သာရီတိုင်းက စစ်တပ်ဦးဆောင်တဲ့ စွန်ရဲအဖွဲ့ရဲ့ အကြမ်းဖက်သတ်ဖြတ်နေမှုများ

- ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊ သာယာကုန်းနှင့် အင်းဝန်ရွာအကြား ထန်းပင်တန်းလမ်းဘေးတွင် မေလ ၃ ရက် နံနက်ပိုင်းက စစ်ကောင်စီအား ထောက်ခံသည့် စွန်ရဲအဖွဲ့တံဆိပ်ပါ ကတ်ပြားချိတ်ဆွဲခံထားရသော လက်ပြန်ကြိုး တုပ်အနေအထားဖြင့် သတ်ဖြတ်ခံထားရသည့် အမည်မသိ အမျိုးသားအလောင်းတစ်ခုအား တွေ့ရှိခဲ့သည်။ ဦးခေါင်း ပေါက်ပြဲ၊ လည်ပင်းညှိုမဲဒဏ်ရာများရှိကာ မှောက်လျက် အနေအထားဖြင့် သေဆုံးနေသည့် အဆိုပါရုပ်အလောင်း လည်ပင်း၌ “လေဟုန်ပြင်းပြင်း အနီရောင်ကို ရှင်း” Kite Fore စာသာပါး ကတ်ပြား ချိတ်ဆွဲခံထားရသည်။ စွန်ရဲအဖွဲ့ - Kite Force အမည်ဖြင့် ဖွင့်ထားသော လူမှုကွန်ရက် စာမျက်နှာ၌ အသတ်ခံရသည့် အမျိုးသားအလောင်းပုံနှင့် တကွ လောင်းလုံ အကြမ်းဖက် PDFနှင့် NLD အမာခံ သတင်းပေးအား စွန်ရဲအဖွဲ့က သုတ်သင်ရှင်းလင်းခဲ့ကြောင်းနှင့် ထောက်ခံဆန္ဒပြသူများနှင့်တကွ ပတ်သက်သည့် ရွာများကိုလည်း ရှင်းလင်းသုတ်သင်မည်ဖြစ်ကြောင်း ရေးသားထားသည်။ မြိတ်နှင့် ထားဝယ်ခရိုင်တို့တွင် စစ်ကောင်စီလက်အောက်ခံ သွေးသောက်အဖွဲ့၏ အနီရောင် စစ်ဆင်ရေးလှုပ်ရှားမှုသတင်းများ လူမှုကွန်ရက်၌ ပျံ့နှံ့လာပြီးနောက်ပိုင်း NLD ပါတီဝင်များသာမက ဆက်နွယ်သူများပါ မကြာခဏဆိုသလို သတ်ဖြတ်ခံရမှုများ ရှိလာခဲ့သည်။

- လောင်းလုံမြို့နယ်၊ ပန်းဒလဲကျေးရွာအုပ်စု၊ မြောင်းပေါက်ကျေးရွာနေ ကိုသားကြီးဆိုသူအား အကြမ်းဖက်စစ်တပ်က ဖမ်းဆီးထားပြီးနောက် တစ်လကျော်အကြာ မေလ ၃ ရက်တွင် စွန်ရဲအဖွဲ့ လည်ဆွဲ ဆွဲခံထားရပြီး သေဆုံးလျက် အနေအထားဖြင့် ပြန်လည်တွေ့ရှိခဲ့သည်။ မတ်လ ၃၁ ရက် ည ၉ နာရီခွဲခန့်က မြောင်းပေါက်ရွာ ရာအိမ်မှူး အောင်ကျော်သက်နေအိမ်အား သေနတ်ဖြင့် ပစ်ခတ်ခံရမှုဖြင့် ကိုသားကြီးအား တရားခံဟု ဆိုကာ စစ်ဆေးမေးမြန်းခြင်း မပြုလုပ်ဘဲ အကြမ်းဖက်စစ်တပ်က ဖမ်းဆီးသွားခဲ့ခြင်းဖြစ်ကာ တစ်လခန့်အကြာတွင် သတ်ဖြတ်ခံထားရသည့် ရုပ် အလောင်းကို ကျေးရွာအနီး၌ ပြန်လည်တွေ့ရှိခဲ့ရခြင်း ဖြစ်သည်။ အကြမ်းဖက်စစ်တပ် ပံ့ပိုးမှုဖြင့် ဒီမိုကရေရေး လှုပ်ရှားနေသူများအား ခြိမ်းခြောက်သတ်ဖြတ်နေသည့် စွန်ရဲအဖွဲ့မှာ ထားဝယ်ခရိုင် သပိတ်ကော်မတီအဖွဲ့ဝင် ကိုမင်းလွင်ဦးနှင့် အကြမ်းဖက် စစ်အာဏာရှင်ဆန့်ကျင်ရေး ချီတက်ဆန္ဒထုတ်ဖော်နေသည့် လူငယ်များကိုလည်း သတ် ဖြတ်မည်ဟု ခြိမ်းခြောက်ထားသည်။ အဆိုပါ စွန်ရဲအဖွဲ့ကို စစ်ဘက်ရေးရာ လုံခြုံရေး - စရအဖွဲ့နှင့် ပျူစောထီးများ စုပေါင်း ကာ ဖွဲ့စည်းထားခြင်းဖြစ်ပြီး အဖွဲ့အား စစ်တပ်မှ ဗိုလ်ကြီးအဆင့် တာဝန်ရှိသူများက ဦးဆောင် ထိန်းချုပ်ထားသည်။

## ဖမ်းခံရပြီး သေရင် အလောင်းတောင် ပြန်မပေးတဲ့ ပဲခူးတိုင်း စစ်ကြောရေး

- ပဲခူးတိုင်း၊ ပြည်မြို့တွင် ဒုရဲအုပ်ထံမှ သေနတ်နှင့် ဖုန်း ခိုးယူသူဟု စွပ်စွဲခံရသူ Spder KTV ဆိုင်မှ ကိုဝေယံစိုးမှာ မေလ ၁၉ ရက်က စစ်ကြောရေး၌ နှိပ်စက်ခံရမှုဖြင့် သေဆုံးသွားခဲ့သည်။ ပြည် မြို့ရှောင်လမ်းဘေးတွင် ဖွင့်ထားသည့် အဆိုပါ KTV တွင် ဒုရဲအုပ် အောင်မွန်ဟိန်းမှာ မေလ ၁၅ ရက် ညပိုင်းက အရက်မူးလွန် အိပ်ပျော်နေစဉ် ခြောက်လုံးပြူးတစ်လက်နှင့် ကျည် ခြောက်တောင့်၊ ငွေသားအချို့နှင့် ဖုန်း ပျောက်ဆုံးခဲ့ရာ အသက် ၂၇ နှစ်အရွယ် ဆိုင်ဝန်ထမ်း ကိုဝေယံစိုးအား သံသယဖြင့် ဖမ်းဆီးခဲ့ကြောင်း၊ စစ်ဆေးခံရစဉ် သေနတ်ဖွက်ထားသည့် နေရာအား သုံးကြိမ်တိုင် ဝန်ခံပြောကြားခဲ့သော်လည်း သွားရောက်ရှာဖွေရာတွင် မတွေ့သဖြင့် နှိပ်စက်မေးမြန်းစဉ် နှိပ်စက်ခံရ သည့် ဒဏ်ရာများဖြင့် သေဆုံးခဲ့ရခြင်းဖြစ်ပြီး ဒုရဲအုပ် အောင်မွန်ဟိန်းမှာ လက်နက်ပျောက်ဆုံးမှုဖြင့် ထိန်းသိမ်းခံထားရကာ ပျောက်ဆုံးသည့်လက်နက်ကိုလည်း အပူတပြင်း လိုက်လံရှာဖွေလျက် ရှိသည်။
- ပဲခူးတိုင်း၊ ပေါင်းတည်းမြို့မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် - NLD ပါတီဝင် ကိုမင်းမင်း (ခ) ဘိုမင်းမှာ မေလ ၁၈ ရက်က ဖမ်းဆီးခံရပြီးနောက် တစ်ရက်အကြာ မေလ ၁၉ ရက်တွင် စစ်ကြောရေး၌ သေဆုံးသွားခဲ့သည်။ မေလ ၁၅ ရက်က ကြို့ပင်ကျေးရွာအုပ်စု၊ သဖန်းကုန်း-တာပွန်လမ်းတွင် ဆိုင်ကယ်ဖြင့် ကင်းလှည့်နေသည့် စစ်ကောင်စီလက်အောက်ခံ ရဲတပ်ဖွဲ့အား ပေါင်းတည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ - PDF များက မိုင်းဆွဲတိုက်ခိုက်ရာ ရဲတပ်ဖွဲ့ ဝင်တစ်ဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့ရာ တိုက်ခိုက်ခံရသည့်အနီး၌ ကွမ်းယာဆိုင်ဖွင့်ထားသည့် ကိုမင်းမင်းအား မတရားဖမ်းဆီးသွားခြင်း ဖြစ်သည်။ စစ်ကြောရေး၌ ကိုမင်းမင်း သေဆုံးမှုမှာ အအေးပတ်ခြင်းကြောင့် ဖြစ်ကြောင်း အကြမ်းဖက်စစ်တပ်က မိသားစုထံ မေလ ၁၉ ရက်တွင် အကြောင်းကြားခဲ့သော်လည်း အလောင်းအား ပေါင်းတည် ဆေးရုံကြီးသို့ ပို့ဆောင်ထားပြီး မိသားစုနေအိမ်ထံ ပြန်လည်သယ်ဆောင်ခွင့် မပြုခဲ့ပေ။

# ဖမ်းဆီး သတ်ဖြတ်ခံရမှုများ

- တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ တကူတိုက်နယ်တွင် မေလ ၂၀ နှင့် ၂၁ ရက်အတွင်း အကြမ်းဖက်စစ်တပ်က ကလေးငယ်များအပါအဝင် ပြည်သူငါးဦးအား အကြောင်းမဲ့သတ်ဖြတ်ကာ နေအိမ်များအား မီးရှို့ဖျက်ဆီးခဲ့သည်။ နှစ်ရက်အတွင်း သတ်ဖြတ်ခံရသူများမှာ တကူကျေးရွာမှ စိတ်ဝေဒနာခံစားနေရသည့် အသက် ၁၀ နှစ်အရွယ်ကလေးငယ်နှင့် ရွာသားတစ်ဦး၊ သရဘွင်ကျေးရွာမှ ပြည်သူသုံးဦးတို့ ဖြစ်ပြီး ဘရဘွင်ရွာသားတစ်ဦးမှာ ရက်ရက်စက်စက် ခေါင်းဖြတ်သတ်ခံခဲ့ရခြင်း ဖြစ်သည်။ အကြမ်းဖက်စစ်တပ်မှာ ဘရဘွင်ကျေးရွာအား စီးနင်းစဉ် ကျေးရွာရှိ ပြည်သူပိုင်နေအိမ်များကိုလည်း မီးလောင်တိုက်သွင်း ဖျက်ဆီးခဲ့မှုကြောင့် စစ်ဘေးရှောင်ပြည်သူ ၁၄၀၀၀ နီးပါးအထိ ရှိနေပြီး ကျေးရွာများအား စွန့်ခွာတိမ်းရှောင်နေကြရကာ မိုးရွာသွန်းမှု မြင့်မားနေသည့်အတွက်လည်း နေထိုင်၊ စားသောက်ရေးနှင့် ပတ်သက်၍ အခက်တွေ့နေရသည်။
- ချင်းပြည်နယ်၊ တီးတိန်မြို့တွင် တောလိုက်ထွက်ပြီးနောက် ပြန်လာသည့် ဆိုင်းဇန်ရွာသား ကိုပေါင်ဇမောင် (၂၉ နှစ်) နှင့် ကိုပေါင်ဆွင်းထန် (၂၁ နှစ်) တို့အား စစ်ကောင်စီက ဖမ်းဆီးပြီးနောက် သတ်ဖြတ်ပစ်လိုက်ပြီ ဖြစ်သည်။ မေလ ၁၆ ရက်က ၎င်းတို့ နှစ်ဦးအပါအဝင် ၁၃ ဦး ပါသည့် အဖွဲ့မှာ တွန်းဇံမြို့နယ်၊ မွာလ်ပီးကျေးရွာဘက်သို့ အမဲလိုက်ရန် ဆိုက်ကယ် ခုနစ်စီးဖြင့် ထွက်သွားခဲ့ရာ မေလ ၂၁ရက် ၃ နာရီခန့်က ရွာသို့ ပြန်လာစဉ် တီးတိန်မြို့ စကော့လမ်းရပ်ကွက်တွင် အကြမ်းဖက်စစ်ကောင်စီ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရပြီးနောက် သတ်ဖြတ်ခံရခြင်း ဖြစ်သည်။

## ”ကားနဲ့ လှည့်ပတ် ပစ်တာ၊ ဘုန်းကြီးက ဒကာတို့ ကျောင်းထဲ ဦးဇင်းတွေရှိတယ်လို့ ထွက်ပြောတော့မှ ရပ်သွားတယ်”

**မကွေးတိုင်း ပေါက်မြို့နယ် ကျောင်းကုန်းရွာ မီးရှို့ခံရမှုများနှင့် ပတ်သက်ပြီး မြင်တွေ့ခဲ့ရတဲ့ ဒေသခံတစ်ဦးအား မေးမြန်းခြင်း**

**မေး - ကျောင်းကုန်းရွာမီးရှို့ခံရမှုတွေဆုံးရှုံးရမှုတွေနဲ့ ပတ်သက်ပြီး ဦးလေး မြင်တွေ့ကြားသိခဲ့ရတာတွေကို ပြောပြပေးနိုင်မလားရှင့်။**

ဖြေ - ဟုတ်ကဲ့ခင်ဗျ။ မေ ၇ ရက်မှာ ရွာဘက်ကို စစ်ကြောင်းထိုးလာတာ ကျွန်တော်တို့ရွာနဲ့ ၃မိုင်လောက်ဝေးတဲ့ရွာနဲ့က ယောချောင်းခြားတယ်။ အဲဒီဘက်ကနေ ချောင်းထဲကနေ ကြဲုးလာတာ အယောက်၃၀ လောက်တော့ ခန့်မှန်းတာပေါ့။ ချောင်းက အခုလိုရာသီဆို ခြေသလုံးလောက်ပဲရှိတော့ တိမ်တယ်ပေါ့။ ရွာက ချောင်းဘေးနားဆိုတော့ ရွာထိပ်နားကျတော့ ကြက်ခြံကို ပတ်ပြီးတက်လာကြတာ။ ကျွန်တော်က ကြက်ခြံမှာ နေပူလို့ ကြက်တွေကို ရေလောင်းနေတာ၊ ကုန်းပေါ်ကနေ အပေါ်စီးကဆိုတော့ သူတို့လာတာ လှမ်းမြင်လိုက်တော့ မြင်တာနဲ့ ကြောက်အားလန့်အားနဲ့ ထွက်ပြေးရတာ၊ လက်ကိုင်ဖုန်းတစ်လုံးပဲပါတယ်။ ဘာမှမယူနိုင်ဘူး။ ကလေးတွေရော မိသားစုလိုက် နေ့လည် ၃နာရီထိုးလောက်ကြီး ထွက်ပြေးရတာ။ အဲဒီကုန်းထိပ်ကနေ သူတို့နဲ့ နည်းနည်းလေးကွယ်တဲ့ နေရာလည်းရောက်ရော သူတို့က ကြက်ခြံကုန်းပေါ်ရောက်ပြီး အဖွဲ့လိုက်နေရာဖြန့်ယူပြီး သေနတ်တွေနဲ့ ဟိုပစ်ဒီပစ် ပစ်တော့တာပဲ။ ကျွန်တော်တို့လည်း ကြောက်တော့ ဝပ်နေရတာပေါ့။ ဝပ်ပြီး မိနစ်၂၀လောက်ကြာတော့ ပထမဆုံး လူနေတဲ့တဲကို မီးစရှို့တယ်။ ပြီးတော့ ကြက်ခြံကိုထပ်ရှို့တယ်။ ပြီးတော့ ရွာထဲကို ဆက်သွားကြတယ်။ ရွာထဲမှာ ရွာအလယ်နားလောက်ကစပြီး တန်းစီရှို့တော့တာပဲ ကျွန်တော်တို့လည်း ကြောက်တော့ကျတော့၊ ရွာထဲလည်း မကပ်ရဲတော့ဘူး ခပ်ဝေးဝေးက နေရတာပေါ့။ တစ်ရွာလုံးကုန်လည်း ကုန်ပေါ့၊ မတတ်နိုင်ဘူး လူလွတ်ပြီးရောဆိုပြီး ပြေးရတာ။

**မေး - ဒီရွာမလာခင် တစ်ခြားရွာတွေကိုရော ဝင်တာတွေကြားသေးလားရှင့်။**

ဖြေ - ဟုတ်ကဲ့ဗျ။ ကြက်ခြံမီးမရှို့ခင် နေ့လည် ၂ နာရီလောက်မှာ ကျွန်းရင်းရွာဘက်မှာ လေယာဉ်တွေနဲ့ ပစ်သေးတာကိုး။ ကျွန်းရင်းနဲ့ ကျွန်တော်တို့ ကျောင်းကုန်းရွာက တစ်မိုင်လောက်ပဲဝေးတာဆိုတော့ ရွာနှစ်ရွာကို ဆယ်ပတ်လောက်ပတ်ပြီး ပိုက်စိတ်တိုက် ကြည့်တယ်၊ မှတ်တယ်၊ ပြီးတော့ ကျွန်းရင်းကို ပစ်တော့တာပဲ။ ကျွန်တော်တို့လည်း ကျွန်းရင်းတော့ ပစ်ကုန်ပြီ ငါတို့ကျောင်းကုန်းလည်း အောက်ကနေ လာနိုင်တယ်လို့ တွေးနေတာပေါ့။ တစ်နာရီလောက်ကြာတယ် တော်တော်ကြီးကို ပစ်နေတာ။ ပြီးတော့ ဒါဏ်ရာရတာ သုံးယောက်လောက် ရှိတယ်။ တစ်ယောက်သေတယ်လို့ ကြားရတယ်။

**မေး - ဘယ်လိုထိခိုက်ပြီးသေဆုံးရတာပါလဲ ရှင့်**

ဖြေ - ကျွန်းရင်းရွာကို လေယာဉ်နဲ့ပစ်လို့ သေနတ်မှန်ပြီး ဒဏ်ရာရတာ သေဆုံးရတာပါ ခင်ဗျ။ ပြီးတော့ ကျောင်းကုန်းကို ရှို့တဲ့အဖွဲ့က အဲဒီ ကျွန်းရင်းဘက် ပြန်ထွက်သွားတယ်။ ကျွန်တော်တို့လည်း ရွာထဲ မပြန်ရဲလို့ တောထဲ ၂ ရက်လောက် အိပ်လိုက်ရတယ်။

**မေး - ကျောင်းကုန်းကို မီးရှို့တော့ အိမ်ခြေဘယ်လောက်ပါသွားပါသလဲ၊ အခြားရော ဘာတွေဆုံးရှုံးခဲ့ရသေး လဲရှင့်။**

ဖြေ - ဟုတ်ကဲ့၊ အိမ်ခြေ (၇၉) လုံးလောက် မီးလောင်သွားပါတယ်။ ကြက်သွန်တွေရော အကုန်လုံးဘာမှမကျန်ပါဘူး လောင်သွားတာ။ မီးမလောင်တာကတော့ အိမ် ၁၆၀ လောက်ကျန်ပါတယ်။ အခုတော့ မီးမလောင်တဲ့ အိမ်တွေနဲ့ မျှတပြီး နေနေရတယ်ပေါ့ဗျာ။ ဘာမှလည်း လုပ်လို့မရတော့ဘူးပေါ့။ ကြက်ခြံနဲ့ ကြက်အကောင် (၁၃၀၀)၊ နွား(၃) ကောင်၊ ဝက် (၂)ကောင် ပါသွားပါတယ်။ အိမ် (၇၉) လုံးကတော့ ပြာကျသွားတယ်။

**မေး - နောက်ထပ်ရော ဘာတွေထပ်ဖြစ်သေးလဲ ရှင့်။**

ဖြေ - နောက်ထပ် ဧပြီ ၂၃ရက်နေ့မှာ တစ်ခေါက်ထပ်လာတယ်ဗျ။ ၇ရက်နေ့က တစ်ကြောင်း၊ ဧပြီ ၂၃ရက်နေ့ တစ်ကြောင်း၊ နှစ်ကြောင်းလာတာကိုး။ အဲဒီတစ်ကြောင်းက ကျွန်းရင်းဘက်ကနေ လာတာ၊ ညနေ ၄နာရီခွဲလောက်ပေါ့။ ကား ၃ စီးနဲ့ ရွာရောက်တော့ ၆ နာရီလောက်တော့ရှိပြီ။ ရွာရောက်တယ်ဆို မီးလောင်ပြင်ကျော်ပြီး ဘုန်းကြီးကျောင်းကို၊ ဘုန်းကြီးကျောင်းမှန်းလည်း သိပုံမရဘူး သေနတ်တွေနဲ့ ပစ်တာတဲ့။ ကွမ်းခြံတွေ မီးရှို့တော့တာ။ ကျွန်တော်တို့လည်း ပုန်းနေတဲ့နေရာကနေ ရွာတော့ ဝင်ပြန်ပြီ၊ ကျန်တဲ့အိမ်တွေ မီးထပ်ရှို့ဦးမှာလား မသိဘူးနဲ့ စိတ်တွေပူနေကြတာပေါ့။ ဘုန်းကြီးကျောင်းထဲမှာ မပြေးနိုင်လို့ ကျန်ခဲ့တဲ့သူတွေရှိတော့ သူတို့က ငါတို့ ဦးဇင်းတွေနဲ့ တရားမှတ်နေလို့သာပဲ မဟုတ်ရင် သေတယ်။ ကားနဲ့လှည့်ပတ် ပစ်တာတဲ့။ ဘုန်းကြီးက ဒကာတို့ ကျောင်းထဲ ဦးဇင်းတွေရှိတယ်လို့ ထွက်ပြောတော့မှ ရပ်သွားတယ်လို့ ပြောပြတယ်။

**မေး - နောက်တစ်ခေါက်မှာ အိမ်တွေရောရှို့သွားသေးလားရှင့်။ ဘာတွေထပ်လုပ်သွားပါသေးလဲရှင့်။**

ဖြေ - ဒီတစ်ခေါက်တော့ အိမ်တွေ မရှို့သွားဘူး၊ ကွမ်းခြံတွေပဲရှို့သွားတယ်ဗျ။ ရွာမှာ ညအိပ်သွားကြတယ်။ ကြက်တွေ ချက်စားသွားတယ်။ ပြီးတော့ ကျွန်းကြီးရွာဘက်ဆက်သွားပြီး အဲဒီဘက်မှာတော့ အိမ် (၉) လုံး မီးရှို့သွားတယ်။ ကွမ်းခြံ (၄) ခြံလောက်ပါသွားတယ်။ နောက် ရေကျော်ရွာမှာလည်း ထပ်ရှို့ခံရတယ်လို့ သိရပါတယ်။

**မေး - အခုဖြစ်စဉ်တွေနဲ့ပတ်သက်ပြီး ဦးလေးအနေနဲ့ ဘာများဖြည့်စွက်ပြောချင်ပါသေးလဲရှင့်။**

ဖြေ - ပြောချင်တာကတော့ အခုကတော့ အလုပ်လက်မဲ့ ခြေမဲ့လက်မဲ့ ဖြစ်သွားပြီဆိုတော့ ထိုင်စားနေရတာပေါ့။ ရှိတာလေးတွေ ဝေမျှပြီး စားသောက် နေထိုင်နေရတာပေါ့။ တောထဲ ရွက်ဖျင်တဲနဲ့ နေနေရတော့ ရွာလည်း ပျက်သလိုဖြစ်နေတော့ မြန်မြန်အေးချမ်းချင်တာပေါ့၊ လုပ်ကိုင်စားစရာ ဘာမှမရှိတော့ အေးအေးချမ်းချမ်း လုပ်ကိုင်စားချင်တာပေါ့။ ကလေးတွေ ပညာရေးကလည်းတအားကြီး နောက်ကျနဲ့ ခေတ်က မကောင်းတော့ စီးပွားရေးလည်း တအားနောက်ကျသွားပြီ။ ပညာရေးတွေလည်း တအားကွာဟကုန်ပြီဆိုတော့ အဲ့ဒါတွေအတွက်လည်း ဝမ်းနည်းနေရတာပေါ့။ စီးပွားရေးက နိုင်ငံရေးကောင်းရင် ပြန်လုပ်ရတာ မခက်ဘူး။ ပညာရေးကျတော့ အရွယ်တွေလည်းကွာ အသက်တွေကြီးကုန်တာတွေ။ တချို့လည်း အရွယ်လေးတွေ ရောက်ကုန်ပြီဆိုတော့ တပိုင်းတစနဲ့ ဖြစ်ကုန်ကြတာပေါ့။ စီးပွားရေးရှုံးတာကတစ်မျိုး၊ ပညာရေး ရှုံးတာကတစ်မျိုး၊ အဘက်ဘက်က ချွတ်ချုံကျသလိုဖြစ်တာပေါ့။ အဲဒါကြောင့် လွတ်လပ်ရေးမြန်မြန်ရချင်တာပေါ့။ လွတ်လပ်ရေးမြန်မြန်ရပြီး မြန်မြန်အေးချမ်းချင်တာပါပဲ။

# ”PDF တွေနဲ့ ပတ်သက်လား” ဆိုတာကို အဓိကထား စစ်ဆေးပြီး သူတို့ သတ်မယ်လို့ ဆုံးဖြတ်ထားတဲ့သူတွေကို ရိပ်သာခန်းထဲ ထည့်ထားတယ်

**ရေဦးမြို့နယ်၊ မုံတိုင်ပင်ရွာ ဒေသခံ ၂၈ ဦးအား အကြမ်းဖက်စစ်တပ်က ရက်စက်စွာ သတ်ဖြတ်ခဲ့မှု ဖြစ်စဥ်အသေးစိတ်အား မုံတိုင်ပင်ရွာခံတစ်ဦးအာ ဆက်သွယ်မေးမြန်းထားခြင်း**

**မေး - မုံတိုင်ပင်ရွာမှာ ဒေသခံတွေ အသတ်ခံခဲ့ရတယ်လို့ သိရတယ်။ ဖြစ်စဉ် အသေးစိတ်လေး ပြောပြပေးပါ။**

ဖြေ - မုံတိုင်ပင်ရွာသားတွေချည်း အသတ်ခံခဲ့ရတာပါ။ စစ်ကောင်စီက ၁၀ ရက်နေ့က စဝင်တယ်။ ရဲဘော် ၂ ယောက်ကတော့ တိုက်ပွဲမှာ မိုင်းဆွဲရင်းနဲ့ ကျသွားတယ်။ သတ်ခံရတဲ့သူတွေက ၁၁ ရက်နေ့ကျမှ အသတ်ခံရတယ်။ အလောင်းတွေကို ၁၂ ရက် နေ့လယ်ပိုင်းမှ ပြန်တွေ့တယ်။ ပြန်တွေ့တဲ့အချိန်မှာ အလောင်းရဲ့ အနေအထားက နှိပ်စက်၊ သတ်ပြီးမှ အိမ်တွေထဲ ထည့်ပြီးရှို့ထားတဲ့ပုံစံမျိုးဆိုတော့ တစ်ကိုယ်လုံးကတော့ ဘာမှ ရစရာမရှိတော့ဘူး။ အရိုးစုပဲ ကျန်တော့တယ်။ ပထမတစ်အိမ်မှာ စပြီးတွေ့တာ ၆ လောင်းတွေ့တယ်။ အိမ်က သွပ်မိုးထရံကာဆိုတော့ မီးလောင်တော့ အိမ်ပါပြိုကျတာ။ သွပ်မိုးတွေကို ဖယ်လိုက်တော့ အလောင်း ၆ လောင်းက အိမ်ထဲထည့်ပြီး မီးရှို့ထားတဲ့ပုံဆိုတော့ ၆ လောင်းက သပ်သပ်ရပ်ရပ်ပုံမျိုး တွေ့ရတယ်။ နောက်တစ်အိမ်မှာလည်း ၆ လောင်းကို မီးရှို့သွားတယ်။ တစ်အိမ်ကတော့ တိုက်ထဲမှာ မီးရှို့ပြီး သတ်တာ၊ တာယာကွင်းတွေနဲ့ မီးရှို့ပြီး သတ်ပုံရတယ်။ ဘာလို့လဲဆိုတော့ အလောင်းတွေ့တဲ့နေရာမှာ ကျနော်တို့ ရှာတဲ့အခါကျတော့ မီးလောင်နေတဲ့ တာယာကွင်းတွေလည်း တွေ့ရတယ်။ အဲဒါက ၄ လောင်း။ အဲဒီမှာက အရင် တွေ့တဲ့ ၆ လောင်းနဲ့တောင် မတူတော့ဘူး။ အရိုးစုတွေကို ထပ်ပြီးလှန်ကြည့်လိုက်တော့ အရိုးတွေ တော်တော်များနေပြီ။ နောက် နှစ် လောင်းကတော့ ဆန်စက် ရှိတယ်လေ၊ ဆန်စက်ကလည်း တိုက်ပဲ။ သူတို့က လောင်တော့ လောင်ထားတယ်၊ အနည်းအကျဉ်းတော့ ကျန်သေးတယ်။ ကျွန်တော်တို့ရွာရဲ့ ရှေ့ဘက်က အင်ပင်ဆိုတဲ့ ရွာဟောင်းလေးရှိတယ်။ အဲဒီရွာဟောင်းက အိမ်ခြေ ၁၂ လုံးရှိတာ။ အဲဒီမှာ တစ်အိမ်မှာ ငါး လောင်း ၊ နောက်တစ်အိမ်မှာ ငါးလောင်း၊ အဲဒီလိုပုံစံပဲ တွေ့တယ်။ ရွာက ပျောက်သွားတဲ့လူတွေ စာရင်းအရတော့ သူတို့တွေပဲလို့ ယူဆရတာပေ့ါ။

**မေး - အခုလို စစ်တပ်က ရွာကို ဝင်စီး၊ ဒေသခံတွေ သတ်ပြီး ပစ္စည်းယူတာဟာ ပထမဆုံးအကြိမ်လား။**

ဖြေ - ၁၀ ရက်နေ့မတိုင်ခင် ၆ ရက်နေ့က ရေဦးက ထွက်တဲ့စစ်ကြောင်းက ကျနော်တို့ရွာကို လက်နက်ကြီးနဲ့ လှမ်းပစ်လိုက်တယ်။ မုံတိုင်ပင်က သုံးယောက် ထိတယ်၊ ယောကျ်ားလေးတစ်ယောက်ကတော့ ပွဲချင်းပြီး ဆုံးတယ်၊ အဖွားကြီးတစ်ယောက်နဲ့ အဖိုးကြီးတစ်ယောက်ကတော့ ဒဏ်ရာရလို့ ဆေးကုနေရတယ်။ လက်နက်ကြီးနဲ့ ၄၊ ၅ ချက် ထုတာ။ ပထမတစ်ကြိမ် ထုတာက အင်ပင်ကွက်သစ်ရဲ့ အနောက်ဘက်က သရက်ခြံနားကို ကျတယ်။ မုံတိုင်ပင်ကို မရောက်လို့ဆိုပြီး ရှေ့ကိုက် ၄၀၀ လောက်တိုးပြီးတော့မှ ထပ်ထုတာ။ မုံတိုင်ပင်ရွာရဲ့ ခြံစည်းရိုးပေါ်ကို ကျတာ။ အင်ပင်နားမှာကျတာက အင်ပင်သူ တစ်ယောက်ကို ထိတယ်၊ သူက ဘေးတိုက်ဆိုတော့ ရင်သား ၂ ဘက် ပြတ်ပါသွားတယ်။

**မေး - စစ်သားတွေက ဘယ်လိုပုံစံနဲ့ ရွာထဲကို ဝင်လာကြတာလဲ။ ဘယ်တပ်ကလဲဆိုတာ သိခဲ့ရလား။ အင်အားကော။**

ဖြေ - သူတို့က ယူနီဖောင်းတွေ ဝတ်ပြီး ဝင်လာကြတာပါ။ ဘယ်တပ်ကလဲဆိုတာတော့ မမြင်လိုက်ရဘူး။ ကျွန်တော်တို့က သူတို့နဲ့ ကိုက် ၄၀၀၊ ၅၀၀ လောက်ကနေ ခိုးကြည့်ရတာ။ လက်နက်တွေလည်း ကိုင်ထားတယ်။ လက်နက်အမျိုးအမည်ကိုတော့ မပြောတတ်ဘူး။ လက်နက်ကြီးတွေ ထမ်းလာတာကိုလည်း မြင်ရတယ်။ ထုတဲ့ လက်နက်တွေက ၂ ဆင့်ကွဲတွေ။ ဟိုကနေ အုန်းကနဲထုလိုက်ရင် ၂ ဆင့် ထပ်ကွဲတာ။ ကျွန်တော်တို့ အိမ်တွေပေါ်ကို ဖန်းဖန်းကျတာ ကျွန်တော်တို့က အဲဒီလောက်ပဲ သိရတာ။ လက်နက်ကြီးက ရွာလယ်လမ်းမပေါ်ကို ကျတယ်။ ကျည်ထိလို့ နွားသုံးကောင်သေတယ်။ ရွာထဲကို ဝင်တာ အင်အား ၂၀၀ လောက်ရှိတယ်။

**မေး - သူတို့ အဲဒီလို ပစ်ပြီး ဝင်လာတဲ့ နောက်ပိုင်း ဘာတွေ ဆက်ဖြစ်လဲ။**

ဖြေ - သူတို့ (သေသွားသူတွေ) က အရင်ဆုံးပြေးတာက ရွာဦးကျောင်းက တစ်ကျောင်းတည်း ပြေးတာ။ ရွာဦးကျောင်းထဲကို တိမ်းရှောင်ကျတာ။

ကျောင်းထဲရောက်နေတဲ့အချိန်မှာ အကုန်လုံး စုပြုံပြီးတော့ ဖမ်းလိုက်တယ်။ ကျန်တဲ့လူ ၄၊ ၅ ယောက်ကတော့ ရွာထဲကို လှည့်တုန်း အိမ်တွေထဲကနေ မိတာတော့ ရှိတယ်။ အဲဒီလူတွေကိုလည်း ဘုန်းကြီးကျောင်းထဲကို ဖမ်းလာတယ်။ ဖမ်းခံရတဲ့သူ အချင်းချင်းကနေ အတူတူ ကြိုးတုတ်ခံထားရတဲ့သူတွေထဲကနေမှ ပြောပြချက်အရ သူတို့က အကုန်စုပြုံပြီးတော့၊ ဖမ်းပြီးတော့၊ ကြိုးနဲ့တုတ်ပြီး ရိပ်သာဆောင်အခန်းကျယ်ထဲမှာ စုပြုံထည့်ထားပြီး အပြင်ကနေ ဂျက်ထိုးပြီး စောင့်နေတယ်။ ၁၀ ရက်နေ့က ရွာထဲကို တစ်ပတ် လှည့်ရသေးတယ်။ လှည့်ပြီးတော့မှ ကျောင်းထဲပြန်သွင်း။ သွင်းပြီးတော့မှ ကြိုးနဲ့တုတ်ထားပြီး ၁၀ ယောက်တစ်တွဲ၊ ၁၂ ယောက်တစ်တွဲ အဲဒီလိုလေးတွေ ထုတ်ထုတ်ပြီးတော့ ရွာထဲကို ပထမတစ်သုတ် ၁၂ ယောက်ကို ကြိုးတုတ်ပြီးခေါ်သွားပြီး ရိုက်သတ်ပြီးတော့ အိမ်တစ်အိမ်ထဲထည့် မီးရှို့တယ်။ ၆ ယောက်၊ နောက်တစ်အိမ်မှာ ၆ ယောက်ကို သူတို့ကို ရိုက်သတ်ပြီးတော့ အိမ်ထဲထည့်ပြီးတော့ မီးရှို့၊ အဲဒီလို လုပ်လာတာ။ စုစုပေါင်း ဖမ်းတာက ၃၀ ကျော်၊ ၄၀ လောက် ရှိတယ်။ တချို့ ပြန်လွတ်လာတာ ယောကျ်ားလေး ရှစ်ယောက် ရှိတယ်။ မိန်းကလေးတွေက အကုန်လွတ်တယ်။ အများစုက သက်ကြီးပိုင်းတွေနဲ့ အမျိုးသမီးတွေ ပြန်လွတ်လာတယ်။ လူငယ်တွေအကုန်လုံးကို သတ်တာ။ ၃၅၊ ၄၀၊ ၄၅၊ ၅၀ ဝန်းကျင်တွေချည်းပဲ။ ၆၀ ကျော်ဆိုလို့ နှစ်ယောက်ပဲ ပါတယ်။ သူတို့ကတော့ ပြည်သူမှန်ရင် အကုန်သတ်ဆိုတဲ့ပုံမျိုး လုပ်နေတာ။

**မေး - ဖမ်းဆီးခံရစဉ် အခြေအနေကိုကော ဘယ်လို သိခဲ့ရတာ ရှိလဲ။**

ဖြေ - ပြန်လွတ်လာတဲ့သူတွေပြောတာက သူတို့မျက်နှာတွေကို အုပ်ပြီး ကြိုးခေါက်တွေနဲ့ အရိုက်ခံရတယ်လို့တော့ ပြောတယ်။ စစ်ခံရတာက သုံးယောက်လောက် ရှိတယ်၊ သူတို့က သတ်ခံရတဲ့အထဲ ပါသွားတယ်။ သူတို့က ပထမဦးဆုံးမေးတာက "မင်းတို့ PDF တွေလား"၊ နောက်တော့ "မင်းတို့ PDF ကို ထောက်ပံ့တယ်" ဒီလိုတွေ စစ်ဆေးမေးမြန်းပြီးတော့ ကြိုးခေါက်နဲ့ ရိုက်တော့ အသားနာတော့ ပြော၊ အဲဒီနောက် ရွာထဲ ခေါ်သွားပြီး သတ်ပစ်တာပဲ။ "PDF တွေနဲ့ပတ်သက်လား" ဆိုတာကို အဓိကထားပြီး စစ်ဆေးတယ်။ သူတို့က သူတို့သတ်မယ်လို့ ဆုံးဖြတ်ထားတဲ့သူတွေကို ရိပ်သာခန်းထဲ ထည့်ထားတယ်၊ ပြန်လွှတ်မဲ့သူတွေကို ကျောင်းအောက်မှာ အပြင်မထွက်ခိုင်းဘဲ ထားတယ်။ ဒါကြောင့် ပြန်လွတ်လာတဲ့သူတွေက အသံလည်း မကြားရဘူး၊ မြင်လည်း မမြင်ရဘူး။

**မေး - အဲဒီလို ဖမ်းဆီးခံထားရပြီးနောက်မှာ အဲဒီစစ်သားတွေက ဘာတွေ ဆက်လုပ်ကြသေးလဲ။**

ဖြေ - တစ်ယောက်က နွားရောင်းလို့ ရထားတဲ့ ငွေ ၁၀ သိန်းကို ခါးပြတိုက်သွားတယ်။ လုသွားတာပေါ့၊ နောက်တစ်ယောက်ဆီက ကုန်ရောင်းထားတဲ့ငွေလေးကိုလည်း လုသွားတယ်။ ရွာထဲက ကားတစ်စီးနဲ့ လှည့်ပြီးတော့ အိမ်တွေထဲက ပစ္စည်းတွေယူတယ်။ ကားက စက်နှိုးမရလို့ ပစ်ထားတဲ့တာတွေ ရှိတယ်။ ရွာထဲက အိမ်တွေကိုမွှေပြီး ရွှေရှိရင် ရွှေ၊ ငွေရှိရင် ငွေ ယူသွားတယ်။

**မေး - ရွာဦးကျောင်းမှာ ဖမ်းတာ၊ ဆီးတာတွေ လုပ်ထားတော့ အဲဒီကျောင်းက သံဃာတော်တွေ အခြေအနေကကော။**

ဖြေ - ၁၀ ရက်နေ့က ရွာထဲဝင်လာပြီး ၁၁ ရက်နေ့ကို တစ်ရွာလုံးပတ် မီးရှို့ပြီးတော့ ၁၂ ရက် မနက် ၂ နာရီလောက်မှာ ရွာထဲက ပြန်ထွက်သွားတယ်။ သူတို့ ပြန်ထွက်တော့ ကျောင်းမှာရှိတဲ့ ရဟန်းလေးပါးထဲက တစ်ပါးက ဂီလာနမို့လို့ ပစ်ထားခဲ့ပြီး ကျန်တဲ့ ၃ ပါးကို ဓားစာခံအဖြစ် ခေါ်သွားတယ်။ အဲဒီရဟန်းတွေနဲ့ ၁၄ ရက်နေ့ကမှ အဆက်အသွယ်ရတယ်။ သူတို့က အခုလတ်တလော ရေဦးက ဝါဆိုကျောင်းမှာပါ။ သူတို့ကို ဘယ်လိုခေါ်သွားပြီး ဝါဆိုကျောင်းကို ဘယ်လိုပို့လဲဆိုတာတော့ မသိဘူး။ သူတို့ကို စကားတော့ ပြောလို့ရတယ်၊ ကျန်တာတွေ မမေးပါနဲ့ဦးလို့ ပြောတယ်။ သူတို့ရဲ့ ကိစ္စလေးတွေ မပြတ်သေးလို့ပါ၊ ဖြေမပေးနိုင်သေးလို့ပါလို့ပဲ ပြောပါတယ်။ ရွာကို ပြန်ခွင့်မပေးလို့ ပြန်မရသေးဘူးလို့ ယူဆရပါတယ်။

စာ ၁ မှအဆက်

ချက်လွှတ်တော်၌ ကော်မတီဥက္ကဋ္ဌ Mr. Pavel Fischer နှင့် တွေ့ဆုံစဉ် ယင်းသို့ တောင်းဆိုခဲ့ခြင်းဖြစ်ကာ စစ်အာဏာရှင်စနစ် အပြီးတိုင် ချုပ်ငြိမ်းရေးအတွက် ဘက်ပေါင်းစုံက ဆင်နွဲနေသည့် လူထုတော်လှန်ရေးအတွက် ထိရောက်သည့် အကူအညီမျိုးစုံ လိုအပ်နေကြောင်းကိုလည်း တင်ပြခဲ့ကာ အဆိုပါ တွေ့ဆုံမှုအတွင်း ချက်သမ္မတနိုင်ငံဆိုင်ရာ NUG ကိုယ်စားလှယ် ဦးလင်းသန့်လည်း ပါဝင်ခဲ့ သည်။